မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဧပြီခံဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၁၆)၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၉ ရက် ၊ ၂၀-၁၀-၂၀၂၆၊ အင်္ဂါနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲခဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ကျွဲလေးပါးတည်း။) (ဓမ္မပဒ)

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာမျက်နှာ » ၃

မိုးတိမ်တောင်များ ရွှေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

မိုး/၈လ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ❐

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ နေပြည်တော်သို့ ရောက်ရှိ



နေပြည်တော် အောက်တိုဘာ ၁၉

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အဖွဲ့များသည် အောက်တိုဘာ ၁၆ ရက်မှစတင်၍ တည်းခိုနေထိုင်ကြမည့် နေပြည်တော် တည်းခိုရေးစခန်းသို့ ရောက်ရှိကြရာ ယနေ့တွင် ပြိုင်ပွဲဝင်အဖွဲ့များအားလုံး ရောက်ရှိကြပြီဖြစ်သည်။

စာမျက်နှာ ၅ သို့ ❍

ယနေ့ ဖတ်စရာအညွှန်း

မက်ဆီ ကစားသမားဘဝ သွင်းကိုး ဂျုဖ ဂိုးအထိ ရှိလာ

စာမျက်နှာ ၁၁

မန္တလေးတောင်တော်ဆီ အရောက်သွားမည် (ဆောင်းပါး)

စာမျက်နှာ ၁၄

ကျွန်းလုမြို့နယ်၌ ဆောင်းနေကြာ ကေ ၉၆၀ လျာထား စိုက်ပျိုးမည်

စာမျက်နှာ ၁၇

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၉

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြိုးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/၈လ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ အင်္ဂါနေ့။

မန္တလေး

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရေးနှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည့် ဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယကပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၈ ရက်မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပမည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားနှင့်ဘာသာရပ်များအလိုက် ပြိုင်ပွဲများကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်တည်းခိုရေးစခန်းတို့သို့ သွားရောက်၍ အခမ်းအနားအစီအစဉ်အလိုက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြိုင်ပွဲအမျိုးအစားများအလိုက် ပြိုင်ပွဲဝင်များစိတ်အေးချမ်းသာစွာဖြင့် အနုပညာစွမ်းရည်များ ဖော်ထုတ်ယှဉ်ပြိုင်နိုင်ရန်အတွက် ခန်းမများ၊ မီး၊ အသံစနစ်၊ နေရာထိုင်ခင်းများ ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ကြိုတင်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အကဲဖြတ်ဒိုင်လုကြီးများအမှတ်ပေးရာတွင် အဆင်ပြေချောမွေ့စေရေးစီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြသကြသည်။

ဒုတိယသမ္မတက ဖွင့်ပွဲအခမ်းအနားသည် ပြိုင်ပွဲကြီးတစ်ခုလုံး၏ ပုံရိပ်ဖြစ်သဖြင့် အခမ်းအနားအစီအစဉ်များ၊ အသံ၊ မီးစနစ်နှင့် နောက်ခံ LED Display များ စနစ်တကျဖြစ်စေရေး၊ ဖျော်ဖြေရေးအဖွဲ့များ စနစ်တကျဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရန်၊ အခမ်းအနားတက်ရောက်ကြမည့် ဧည့်သည်တော်များ နေရာချထားရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လစ်ဟင်းမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်သွားကြရန်၊ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရာတွင် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ၊ နည်းပညာဆိုင်ရာကိစ္စရပ်များ လစ်ဟင်းမှုမရှိစေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ ခန်းမများအတွင်း လေအေးပေးစနစ်နှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အမြဲမပြတ်စစ်ဆေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နေပြည်တော်တည်းခိုရေးစခန်း၊ နေပြည်တော်စည်ပင်စည်ရိပ်သာ(၂)သို့ရောက်ရှိစဉ် ဒုတိယသမ္မတက တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်စုစုပေါင်း ၂၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီချိန်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၁၉ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ဂုဒဝဝဝဝဝ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲကျင်းပ

ကန့်ဘလူ အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦးက ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ၊ ကြိုတင်ပြင်ဆင်ကာကွယ်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဆွေးနွေးမှာကြားကာ မိမိပတ်ဝန်းကျင်ရှိ ပြည်သူများကိုလည်း ပြန်လည်မျှဝေပေးကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ရေဘေးသင့်ပြည်သူများအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။ မိုးကောင်းကျေးရွာတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်တစ်လုံးနှင့်ဝက် ၃၇ ကောင် ရေဓိီးနှင့်အတူမျောပါပျက်စီးဆုံးရှုံးခဲ့ရပြီး နေအိမ် ၆၆ လုံး၊ လူဦးရေ ၃၀၁ ဦး ရေဘေးသင့်ကာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ လူတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းနှင့် နေအိမ်တစ်လုံးအတွက် ငွေကျပ် ၁၀၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ တစ်ပုံးတို့ကို ပေးအပ်ခဲ့ပြီး ကြောင်းနှင့်ယခု APTERR အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးအပ်လှူဒါန်းသည့် ဆန်တန်ချိန် ၂ ဒသမ ၁၀၇ တန်အား မိုးကောင်းကျေးရွာရှိ နေအိမ် ၆၆ စု၊ လူဦးရေ ၃၀၁ ဦးတို့အား ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

အောင်ဝင်းဇော်မိုး(ကန့်ဘလူ)



အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ



မန္တလေး အောက်တိုဘာ ၁၉

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက အမရပူရခရိုင်၊ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အမရပူရခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမေမျိုးတော်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ) တာဝန်ခံညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတို့နှင့်ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့သည်။ **(ခဲပုံ)**

အဆိုပါအသိပညာပေးဟောပြောပွဲသို့ အမရပူရခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၁၆၅ ဦး တက်ရောက်ခဲ့ကြပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေဖွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာဖြင်း၊ ဖြန့်ဖြူးရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

❐ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မှု၊ နှစ်နိုင်ငံအကြား စွမ်းအင်နှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ရာသီဥတု ဖောက်ပြန်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ။)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (၄) ၏ နောက်တွင် ပုဒ်မခွဲ (၃) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၃) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း။"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည်-

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့ပါ အချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီ ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈) နှင့် (၁၀) တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ၊ ပုဒ်မ ၂၄ ပုဒ်မခွဲ (င) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားခြင်းမရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ခြွင်းချက်။ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်းဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ ရက်ပေါင်း ၆၀ အတွင်း တင်ပြဆောင်ရွက်နိုင်သည်။"

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၈။ (က) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းထားသူတစ်ဦးသည် အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀-က။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ကော်မရှင်က သတ်မှတ်ထားသည့်အတိုင်း အောက်ပါနည်းလမ်းများဖြင့် မဲဆွယ်စည်းရုံးနိုင်သည်-"

၆။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ" ဆိုသည့် စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့် စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ "၂ ရက်ကြို၊ တင်၍" ဆိုသည့် စကားရပ်ကို "၃ ရက်ကြို၊ တင်၍" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ မတိုင်မီ" ဆိုသည့် စကားရပ်ကို "နံနက် ၉ နာရီမတိုင်မီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၈။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ (ဃ) ပါ "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ကို "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

✦ စာမျက်နှာ ၂၄ မှ

ထို့နောက် ဒုတိယသမ္မတသည် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းတစ်လျှောက်ရှိ အိမ်ရာများ အမြင်တင့်တယ်ပြီး စနစ်တကျရှိစေရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကျန်စစ်သားလမ်းရှိ ဘောလုံးကွင်း၊ အားကစားကွင်းများ တည်ဆောက်မည့် လျာထားအဆိုပြုမြေနေရာနှင့် ကနောင်မင်းသားကြီးလမ်းရှိ လျာထားအဆိုပြုမြေနေရာများကို လည်းကောင်း၊ ရွှေပြည်သာမြို့နယ် စက်မှုဒေသလမ်းမကြီးရှိ ခေတ်မီပန်းခြံနှင့် ဘောလုံးကွင်းတည်ဆောက်မည့် လျာထားအဆိုပြုမြေနေရာများကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ် ပြည်ထောင်စုလမ်းရှိ ဘောလုံးအားကစားကွင်း လျာထားအဆိုပြုမြေနေရာကိုလည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း) အနော်ရထာစက်မှုဇုန်ရှိ တိုးချဲ့ဆောင်ရွက်မည့်မြေနေရာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၁၉

ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

နှုတ်ဆက်

ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အတူ ပြည်သူ့ဌေစာရင်းကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးချစ်ဆွေ၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာစောနေလင်းအောင်၊ မြန်မာ-ဘယ်လာရုစ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

သတင်းစဉ်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာတိုင်းရင်းဆေးဥာဏ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၉

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီး မစ္စတာ လဲ့ဟိုင်ချီ၏ ဖိတ်ကြားချက်အရ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၁၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ China National Convention Center ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးဥာဏ်သို့ အာရှနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် ကျွန်းစုနိုင်ငံများ၊ SCO အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ WHO အဖွဲ့မှ တာဝန်ရှိသူများနှင့် အတူ တက်ရောက်ခဲ့သည်။



ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီချန်ကအဖွင့်အမှာစကား ပြောကြားပြီး အမျိုးသားကျန်းမာရေးကော်မရှင် ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးနှင့် ပေကျင်းမြို့နှစ်စီးပယ် အစိုးရ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံ၏ ပထာမ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် တိုင်းရင်းဆေး ကုသမှုလုပ်ငန်းများ၏ အရေးပါမှု၊ တိုင်းရင်းဆေးဝါးများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ် ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် အရည်အသွေးပြည့်ဝစေရေး စီစစ် ကြပ်မတ် ဆောင်ရွက်လျက်ရှိမှု၊ တိုင်းရင်းဆေးပညာရှင်များ စနစ်တကျမွေးထုတ်လေ့ကျင့်ပေးနေမှု၊ တိုင်းရင်းဆေးရုံ/ ဆေးခန်းများ အဆင့်မြှင့်တင်ရေး ဆောင်ရွက်မည့်အခြေအနေများ။ တိုင်းရင်းဆေး သုတေသနလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး နှစ်စဉ် သုတေသန ညီလာခံ ဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆေးပင်များ စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်းရေး ဝန်ကြီးများ အဆင့် Roundtable Discussion သို့ တက်ရောက်၍ ဆေးပင်များ စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်း ရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း၏ အရေးပါမှု၊ မြန်မာနိုင်ငံတွင်လည်း နေပြည်တော် အမျိုးသားပရဆေး ဥယျာဉ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပရဆေးဥယျာဉ် များ တည်ထောင်ထားရှိမှုနှင့် ရှားပါးပရဆေးပင်များ ပြုစု ထိန်းသိမ်းထားရှိမှုများကို အမြင် ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ညီလာခံ တက်ရောက်နေစဉ် အတွင်း တရုတ်အမျိုးသားကျန်းမာ ရေးကော်မရှင် ဒုတိယဝန်ကြီး H.E. Mr. Zeng Yixin နှင့်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ အာယုဗေဒ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး H.E. Mr. Vaidya Rajesh Kotecha နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှု ဝိုမိုမြှင့်တင်ရေး၊ နယ်စပ်ဒေသ ကူးစက်ရောဂါ ဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုရေး နှင့် သတင်းအချက်အလက်များ ဖလှယ်ရေး၊ တိုင်းရင်းဆေးပညာ လူ့စွမ်းအား အရင်းအမြစ် များ လေ့ကျင့်သင်ကြားပေးရေး၊ ဆက်လက် ပူးပေါင်းဆောင်ရွက် သွားမည့်ကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု ဝန်ကြီးနှင့် ညီလာခံ တက်ရောက်လာသည့် နိုင်ငံတကာ ကိုယ်စားလှယ်များ သည် ပေကျင်းမြို့ရှိ ခုတင် (၁၂၀၀)ဆံ့ ဟိုင်ခန်ခရိုင် ပြည်သူ့ ဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံ၏ အဆင့်မြင့်နည်းပညာ သုံး ကင်ဆာဆေးကုသမှု Robotic Surgery နည်းပညာဖြင့် အရိုး ရောဂါများ၊ အစာအိမ်အူလမ်း ကြောင်းနှင့် ကျောက်ကပ်ရောဂါ ခွဲစိတ်ကုသမှု ဆောင်ရွက်နေမှု၊ ပေကျင်းမြို့ Hygea Health Innovation Center သို့သွားရောက် ပြီး အဆင့်မြင့်နည်းပညာသုံး ကင်ဆာဆေး ကုသစက်များ၊ ခွဲစိတ်ကုသမှု လေ့ကျင့်ရေးစင်တာ တည်ထောင်ထားရှိမှုအား လေ့လာ ကြည့်ရှုခဲ့ကြသည်။

၂၀၂၆ ခုနှစ် ကမ္ဘာတိုင်းရင်းဆေး ညီလာခံသို့နိုင်ငံတကာမှကိုယ်စား လှယ်များ၊ ပညာရှင်များ စုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ခဲ့ကြ ပြီး AI နည်းပညာနှင့် Robotic နည်းပညာအသုံးပြုတိုင်းရင်းဆေး ကုသမှုပြခန်းများ၊ ရောဂါရှာဖွေ ရေးနှင့် ဆေးကုသမှု အထောက် အကူပြုစက်ပစ္စည်းများ၊ စက်ရုပ် များ ပြသထားကြောင်း သိရ သည်။

သတင်းစဉ်

ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မြို့သစ် အောက်တိုဘာ ၁၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ထောက်ပံ့ငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ချောင်းရိုး(တ)ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင် ရွက်နေမှုကို တာဝန်ရှိသူများ ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေး ရာတွင် မြို့သစ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလွင်နှင့် တာဝန်ရှိသူများသည် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် အတူ ချောင်းရိုး(တ)ကျေးရွာ တွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို ကွန်ကရစ် လမ်းအား သတ်မှတ်စံချိန်စံညွှန်း နှင့်အညီ ဆောင်ရွက်ရန် မှာကြား ပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ချောင်းရိုး(တ)ကျေးရွာတွင်း လမ်း အရှည်ပေ ၅၀၀၊ အကျယ် ပေ ၁၂၊ အမြင့် ၆ လက်မ ကွန် ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေး ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ထောက်ပံ့ငွေ ကျပ် ၁၅ သန်းနှင့် ပြည်သူ ထည့်ဝင်ငွေကျပ် ၉ သန်း၊ စုစု ပေါင်းငွေကျပ် ၂၄ သန်းဖြင့် မြို့ သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန် ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေး ရွာသူ၊ ကျေးရွာသားများ ကိုယ် တိုင် အောက်တိုဘာ ၆ ရက်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး ပါက ကျေးလက်နေပြည်သူများ အတွက် ရာသီမရွေး လမ်းပန်း ဆက်သွယ်ရေး အဆင်ပြေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ကြောင်း သိရသည်။

အထွေး(ကျေးလက်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့် အလုပ်သင်ရှေ့နေများအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၉

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၈) ရက်မြောက် နေ့သို့ လာရောက်လေ့လာသည့် တရားလွှတ်တော် ရှေ့နေများ၊ အထက်တန်း ရှေ့နေများနှင့် အလုပ်သင်ရှေ့နေများအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့ လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တရားစီရင်ရေးမဏ္ဍိုင်တွင် ပါဝင်ဆောင်ရွက်နေကြသူများအနေဖြင့် လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်တွင် မဏ္ဍိုင်ကြီး (၃) ရပ်ရှိသည့် အနက် မိမိတို့လွှတ်တော်သည် ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးကြောင်း၊ မိမိတို့လွှတ်တော်များသည် တည်ဆဲဥပဒေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့် ခေတ်ကာလ အခြေအနေနှင့် ကိုက်ညီမှုမရှိသည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ လိုအပ်ပါက ဥပဒေအသစ်များပြဋ္ဌာန်းခြင်းဖြင့် ဥပဒေပြုတာဝန်ကို လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူများ၏အသံကို မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူ့ကို ကိုယ်စားပြုခြင်း တာဝန်ကိုလည်း ကောင်း၊ အခြားမဏ္ဍိုင်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူနှင့်အစိုးရကြား ပေါင်းကူးပေးရသည့် တာဝန်ကို လည်းကောင်း ထမ်းဆောင်လျက် ရှိပြီး အဆိုပါတာဝန်များကို မိမိတို့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့် ကော်မတီများသည် လွှတ်တော်၏ အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ အထူးသဖြင့် အမျိုးသမီး၊ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများနှင့် မူးယစ်ဆေးဝါးဆိုင်ရာ တည်ဆဲဥပဒေများကို လိုအပ်ပါက ပြင်ဆင်၊ ဖြည့်စွက်နိုင်ရေး စိစစ်လေ့လာလျက်ရှိကြောင်း၊ ယခုတက်ရောက်လာသူများသည် ဥပဒေများနှင့် ရင်းနှီးကျွမ်းဝင်သူများဖြစ်၍ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များတွင် အကြံဉာဏ်များ ပြုနိုင်ကြောင်း၊ မိမိ တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း စွမ်းရည်မြင့်မားပြီး ပြည်သူကိုဗဟိုပြုသော ခေတ်မီလွှတ်တော်တစ်ရပ် ဖြစ်စေရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်ကို ပြည်သူများ ပိုမိုသိရှိပြီး အားကိုးအားထား ပြုသည့်မဏ္ဍိုင် ဖြစ်လာစေရေး ဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ယနေ့လွှတ်တော် အစည်းအဝေးတွင် ပြည်သူများ၏ အသံနှင့် ဆန္ဒများနှင့်စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းဆောင်ရွက် နေမှုများကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခွင့်ရသည့် အတွက် လွှတ်တော်သည် ပြည်သူနှင့် တစ်သားတည်းရှိသည်ကို တွေ့ရှိရသဖြင့် အားရကျေနပ်မိပါကြောင်း၊ ပွင့်လင်းမြင်သာပြီး ဒီမိုကရေစီ နည်းလမ်းကျစွာ ဆောင်ရွက်နေမှုများသည် အရှေ့တစ်ခုသို့ ရောက်ရှိနေသည်ကို လေ့လာ တွေ့ရှိရပါကြောင်း၊ လွှတ်တော်သည် ပြည်သူများအတွက် အရေးကြီးသည့်မဏ္ဍိုင် တစ်ခုဖြစ်ပြီး လာရောက်လေ့လာသင့်သည့် နေရာတစ်ခုဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

စာဖတ်ရှုနိုင်မြှင့်တင်ရေး ကျေးရွာစာကြည့်တိုက်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

မုံရွာ အောက်တိုဘာ ၁၉

ကျောင်းသား၊ ကျောင်းသူများ ကာယ၊ ဉာဏ်စွမ်းရည်များ တိုးတက်စေရန်အတွက် စာဖတ်ရှုနိုင်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် ကျေးရွာစာကြည့်တိုက်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပခဲ့ရာ လက်ထောက်ညွှန်ကြားရေး မှူးဒေါ်ယုယုဝင်းက ပြိုင်ပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များ အား ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ကျေးရွာစာကြည့်တိုက်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများကို ခေါင်းစဉ်အလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲများကို ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

သလွန်မေ

> သင့်သွေးဖြင့် အသက်ကယ်ပါ။



အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁၁)ဖွင့်ပွဲ ကျင်းပ

မိုင်းဆတ် အောက်တိုဘာ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (မိုင်းဆတ်)၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမတွင် ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးစိုးရွှေက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(မိုင်းဆတ်)မှ ကျောင်းအုပ် ဒေါ်ခိုင်ခိုင်ထွေးက သင်တန်းတွင် ပို့ချမည့် သင်ခန်းစာများနှင့် သင်ထောက်ကူပစ္စည်းထောက်ပံ့ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက သင်တန်းတွင် သင်ကြားပို့ချပေးမည့် စက်ချုပ်နည်းနှင့် မုန့်လုပ်နည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ သင်တန်းသို့ မိုင်းဆတ်ခရိုင်အတွင်းမှ သင်တန်းသူ ၃၀ ဦး တက်ရောက်သွားမည်ဖြစ်ပြီး သင်တန်းတွင် လက်မနှင့် စင်တီမီတာစက်ချုပ်နည်း ၂၁မျိုး၊ လက်မှုပညာရပ် ငါးမျိုး၊ မုန့်လုပ်နည်း ငါးမျိုးနှင့် ဟင်းလျာချက်ပြုတ်နည်း ငါးမျိုးတို့ကို ရက်သတ္တ ၂၂ ပတ်ကြာ စာ တွေ့၊ လက် တွေ့ သင် ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

၀-၀-၀-၀-၀

✪ (၂၇)ကြိမ်မြောက်မှ

"ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့နေနဲ့ စုစုပေါင်း ၂၂၀ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲဝင်မယ့် ကလေးတွေရဲ့ လေ့ကျင့်ရေး၊ ကျန်းမာရေးနဲ့ လိုအပ်တာတွေအားလုံးကို အခက်အခဲမရှိအောင် ပံ့ပိုးကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းကတော့ တစ်နိုင်ငံလုံးအနေနဲ့ အဆင့် (၅) ရခဲ့တယ်။ ဒီနှစ်မှာတော့ ဆုတံဆိပ်တွေ ပိုမိုရရှိအောင်နဲ့ အဆင့်ကို အရင်နှစ်ထက် ပိုတက်အောင်လုပ်မယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ လာရောက်ယှဉ်ပြိုင်ရခြင်း ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ကလေးတွေအနေနဲ့ အထူးကြိုးစားထားကြတဲ့ အတွက် ကျေနပ်အားရမိပါတယ်။ ပဲခူးတိုင်းဒေသကြီးက ဇာတ်တော်ကြီး ပြိုင်ပွဲနဲ့ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲမှာလည်း အင်ပြည့်အားပြည့်နဲ့ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် လာရောက်အားပေးကြဖို့ မိတ်ခေါ်ပါတယ်" ဟု တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ပြောသည်။

ထိုသို့ ရောက်ရှိလာကြသည့် ပြိုင်ပွဲဝင်အဖွဲ့များကို တာဝန်ရှိသူများက နွေးထွေးပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြပြီး သတ်မှတ်ထားသည့် တည်းခိုဆောင်များအလိုက် နေရာချထားပေးကာ နေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးကြသည်။

"အဆိုပြိုင်ပွဲကာလပေါ်ဘာသာရပ်မှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ (၁၈) ကြိမ်မြောက် ပြိုင်ပွဲကတည်းကစပြီး ယှဉ်ပြိုင်ခဲ့တာပါ။ ဒီနှစ်နဲ့ ဆိုရင် ကိုးနှစ်မြောက်ရှိပါပြီ။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရတဲ့အခါမှာ အတွေ့အကြုံတွေအများကြီးရသလို အနုပညာညီအစ်ကိုမောင်နှမတွေနဲ့ တွေ့ဆုံခွင့်ရတယ်။ အခြားတိုင်းဒေသကြီးနဲ့ပြည်နယ်က ဘယ်လိုတွေ ကြိုးစားလာတယ်။ တစ်နှစ်ထက်တစ်နှစ် မတူတဲ့ အတွေ့အကြုံတွေ အများကြီးရတဲ့အပြင် ရခဲ့တဲ့အတွေ့အကြုံတွေကနေပြီးတော့ ကိုယ်ရုံးနိမ့်ခဲ့တဲ့ အရာတွေ၊ ဆုမရခဲ့တဲ့အရာတွေကို သင်ခန်းစာယူပြီး တော့ မနှစ်ကတော့ သမီး ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်း မနှစ်ကထက် ဆုတွေ ပိုမိုရရှိအောင် ကြိုးစားသွားမှာပါ" ဟု မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင် မစုမြတ်နိုးက ပြောသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနက ပြိုင်ပွဲဝင်အဖွဲ့များ ကျန်းမာရေးချို့ယွင်းမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကုသပေးနိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အဖွဲ့များ စာပေဗဟုသုတများ တိုးပွားစေရန် အတွက် သုတ၊ ရသစာအုပ်၊ စာစောင်များစုံလင်စွာဖြင့် စာကြည့်တိုက်ကို လည်းကောင်း ဖွင့်လှစ်ပေးထားသည်။

အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက် မှ ၂၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကချင်ပြည်နယ်မှ ၁၁၃ ဦး၊ ကယားပြည်နယ်မှ ၉၃ ဦး၊ ကရင်ပြည်နယ်မှ ၁၃၅ ဦး၊ ချင်းပြည်နယ်မှ ၄၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၀၀၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၂၂ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၂၀၊ မကွေးတိုင်းဒေသကြီးမှ ၁၃၇ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၃၅၈ ဦး၊ မွန်ပြည်နယ်မှ ၂၁၆ ဦး၊ ရခိုင်ပြည်နယ်မှ ၁၀၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၈၂ ဦး၊ ရှမ်းပြည်နယ်မှ ၁၂၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၈၉ ဦးတို့က ပြိုင်ပွဲအမျိုးအစားအဆင့်အလိုက် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နယ်မြေရှင်းလင်းခြင်းနှင့် လမ်း/တံတားပြုပြင်ခြင်းများ ဆောင်ရွက်ပေးနိုင်ရေး၊ ဆေးရုံအဆင့်တိုးမြှင့်ပေးနိုင်ရေး၊ ကျေးလက်ကျန်းမာရေးဌာန ဆောက်လုပ်ပေး၍ ကျန်းမာရေးဝန်ထမ်းများခန့်အပ်ပေးနိုင်ရေး၊ နိုင်ငံတကာတက္ကသိုလ်များနှင့်ချိတ်ဆက်၍ ပညာသင်ဆုများ ပိုမိုရရှိအောင် ဆောင်ရွက်ပေးနိုင်ရေး၊ ကိုယ်ပိုင်ကျောင်း/ပုဂ္ဂလိကကျောင်းအမည်များကို မြန်မာဘာသာဖြင့်ဆောင်ရွက်ပေးရေး၊ ပညာရေးဝန်ထမ်းများအား ရာထူးတိုးပြောင်းရွှေ့ခန့်ထားရာတွင် "စံ"များထားရှိပေးနိုင်ရေး၊ ပုဂ္ဂလိကကျောင်းများနှင့် ပြည်ပနိုင်ငံများမှရရှိသော ဘွဲ့များအား အသိအမှတ်ပြုထားမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ **မေးခွန်း ၈ ခု** မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ **ကျောက်ကြီးမြို့နယ် ရန်မျိုးအောင်ကျေးရွာမှ အင်းသဘောက်တံတားအထိလမ်းအား လုံခြုံရေး ဆောင်ရွက်ခြင်း၊ နယ်မြေရှင်းလင်းခြင်းနှင့် လမ်း/တံတားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်**စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်က ကျောက်ကြီး-နတ်သံကွင်းလမ်းပေါ်ရှိရန်မျိုးအောင် ကျေးရွာမှ အင်းသဘောက်တံတားအထိ ၃ ဒသမ ၄ မိုင် လမ်းပိုင်းနှင့်အနီး ပတ်ဝန်းကျင်ကျေးရွာများကို နယ်မြေလုံခြုံရေးနှင့် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ အပြည့်အဝဆောင်ရွက်ပြီးပါက မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအပေါ်မူတည်၍ လမ်း/တံတားများပြုပြင်ခြင်း၊ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအတွက် ကုန်ကျစရိတ်များတွက်ချက်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ပြုပြင်တည်ဆောက်ရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါလမ်းပိုင်းအား ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး အပြည့်အဝရရှိအောင် ဆောင်ရွက်ပြီးမှသာ ပြည်သူများပုံမှန်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းမိုးဇော်ဦး၏ **မိုင်းဆတ်ခရိုင်ရှိ ခုတင်(၅၀)ဆံ့ ဆေးရုံအား ခုတင် (၁၀၀)ဆံ့အဖြစ် တိုးမြှင့်သတ်မှတ်ပေးပြီး လူနာဆောင်များ အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မိုင်းဆတ်မြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ၏ တစ်ရက်ပျမ်းမျှ အတွင်းလူနာဦးရေမှာ ၂၀၂၃ ခုနှစ်တွင် ၁၇ ဦး၊ ၂၀၂၄ ခုနှစ်တွင် ၁၈ ဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၉ ဦး သုံးနှစ်စာပျမ်းမျှခြင်းအနေဖြင့် ၁၈ ဦးရှိပြီး ဆေးရုံခွဲပြုခုတင် အသုံးပြုမှုရာခိုင်နှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ၃၄ ရာခိုင်နှုန်း၊ ၂၀၂၄ ခုနှစ်တွင် ၃၆ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် ၃၈ ရာခိုင်နှုန်း သုံးနှစ်စာပျမ်းမျှခြင်းအားဖြင့် ၃၆ ရာခိုင်နှုန်း သာရှိကြောင်း စီစစ်တွေ့ရှိရပါသဖြင့် လတ်တလော ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်တွင် ဆေးရုံ၏ လုပ်ငန်းဆောင်ရွက်မှုများလာပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် တိုးချဲ့လူနာဆောင်များကို မိုင်းဆတ်မြို့ ပြည်သူ့ဆေးရုံအား ခုတင်(၅၀)မှ ခုတင်(၁၀၀)ဆံ့ခရိုင်ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ခွင့် ရရှိပြီးသောအခါ အဆောက်အအုံလိုအပ်ချက်ရှိပါက အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ **ကလေးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှုးရုံး (တာဟန်း)နှင့်ကျေးလက်ကျန်းမာရေးဌာန (တာဟန်း) တို့အား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်နှင့် ကျန်းမာရေးဝန်ထမ်းများအား ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှုးရုံး(တာဟန်း) လေးထပ်ဆောင် ဆောက်လုပ်နေမှုအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ဆောက်လုပ်နိုင်ရန်အတွက် ၂၀၂၆-၂၀၃၀ ခုနှစ် ငါးနှစ်တာစီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာန (တာဟန်း) စံကိုက်အဆောက်အအုံဆောက်လုပ် ပေးနိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် စတင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတွင် ကျန်းမာရေးမှူး(၄၄) ဦး ခန့်ထားပေးလျက်ရှိပြီး တာဟန်းကျေးလက် ကျန်းမာရေးဌာနတွင် အမျိုးသမီးကျန်းမာရေးဆရာမ တစ်ဦး၊ သားဖွားဆရာမ တစ်ဦး၊ ကျန်းမာရေးမှူး(၄) နှစ်ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက် ရှိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မြို့နယ် ၃၇ မြို့နယ်ရှိရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ကျန်းမာရေးမှူးများအား လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သလို ပြောင်းရွှေ့တာဝန်ချထားပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး တာဟန်းကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူး တစ်ဦးအား ၂၀၂၆ ခုနှစ် အောက်တိုဘာ ၆ ရက်မှစ၍ တာဝန်ချထားပြီးဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ကလေးခရိုင် တာဟန်းကျေးလက်ကျန်းမာရေးဌာနတွင် လစ်လပ်လျက်ရှိသော ဌာနစောင့်တစ်ဦး ခန့်ထားပေးရန်ကိစ္စနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်း ဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နေ့စား ဝန်ထမ်းခုနစ်ဦးအား အမြဲတမ်းဝန်ထမ်းများအဖြစ်သို့ ခန့်ထားပေးရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဘိုကလေးမြို့နယ် ဟေမန်ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဟေမန်ကျေးလက်ကျန်းမာရေးဌာန၏ အထွေထွေဆေးခန်း လာ လူနာသစ်/လူနာဟောင်းဦးရေမှာ ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း သိသာစွာတိုးတက်လာမှုမရှိခြင်း၊ လွမ်းခြုံလူဦးရေ ၃၀၀၀၀ ကျော်ရှိသော်လည်း အနီးဆုံး ဆေးရုံများသို့ သွားရောက်ရန် ၄၅ မိနစ်မှ ၁ နာရီခွဲသာ ကြာမြင့်ခြင်း၊ တိုက်နယ်ဆေးရုံဆောက်လုပ်ရန် မြေနေရာအကျယ်အဝန်း လုံလောက်မှုမရှိခြင်းတို့ကြောင့် ဟေမန်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ရန်လက်တလော အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေး၏ **ပြည်ထောင်စုတက္ကသိုလ်များနှင့် နိုင်ငံတကာတက္ကသိုလ်များချိတ်ဆက်၍ ပညာသင်ဆုများ ပိုမိုရရှိရေး ဆောင်ရွက်ရန်အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ နိုင်ငံတကာအဆင့်မီ ပညာရေးသင်ယူနိုင်ရေးနှင့် နိုင်ငံတကာပညာသင်ဆု အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်တွင်း တက္ကသိုလ်များနှင့် နိုင်ငံတကာတက္ကသိုလ်များအကြား ပညာရေး၊ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ပူးပေါင်းဆောင်ရွက် လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၅ ခုနှစ်အတွင်း ပြည်ပနိုင်ငံများသို့သင်တန်း များစေလွှတ်လျက်ရှိရာ ပါရဂူဘွဲ့အတွက် ၈၁ ဦး၊ မဟာဘွဲ့အတွက် ၂၆ ဦး၊ ဒီပလိုမာသင်တန်းအတွက် ၁၂ ဦးနှင့် အခြားသင်တန်းများအတွက် ၁၃၂ ဦး စေလွှတ်ခဲ့ပြီး စုစုပေါင်းသင်တန်းသား ၂၅၁ ဦး စေလွှတ်ပြီးဖြစ်ပါကြောင်း။

လက်ရှိအနေဖြင့် ပြည်ပနိုင်ငံများတွင် ပါရဂူဘွဲ့ တက်ရောက်ရန် စေလွှတ်ထားသော သင်တန်းသား ၃၂ ဦးရှိပြီး မဟာဘွဲ့တက်ရောက်ရန် စေလွှတ်ထား သော သင်တန်းသားသုံးဦးရှိပါကြောင်း၊ ပညာရေး ဝန်ကြီးဌာနမှ လက်ရှိတွင် နိုင်ငံပေါင်း ကိုးနိုင်ငံသို့ ပညာတော်သင် သင်တန်းသား စုစုပေါင်း ၆၉ ဦး စေလွှတ်လျက်ရှိပါကြောင်း၊ ပြည်တွင်းတက္ကသိုလ်များ နှင့် နိုင်ငံတကာရှိတက္ကသိုလ်များ ချိတ်ဆက်၍ နိုင်ငံတကာအဆင့်မီ ပညာသင်ကြားနိုင်ရန်နှင့် ပညာ သင်ဆုများရရှိရေးအတွက် (MoU) နားလည်မှုစာချွန် လွှာများ လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ ပါကြောင်းနှင့် ပညာသင်ဆုများတိုးမြှင့်ရရှိစေရေး အတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါ ကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်မဲနန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၏ **ပုဂ္ဂလိကပညာရေးဥပဒေအရ ဒုတိယအမျိုးအစား ကိုယ်ပိုင်ကျောင်း သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ အမည်များကို မြန်မာဘာသာဖြင့် ဖြစ်စေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီး ဌာနအနေဖြင့် ပုဂ္ဂလိကပညာရေးဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ(က)နှင့် (ခ)အရ မှတ်ပုံတင်လက်မှတ်ထုတ်ပေး ထားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့် ပညာကျောင်း။ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသောကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း များ အမျိုးသားသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအားလုံး၏ အမည်များ မြန်မာဘာသာဖြင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ နိုင်ငံ တကာသင်ရိုးသင်ကျောင်းများသည် နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်ရာတွင်လည်းကောင်း၊ အသိအမှတ်ပြုမှု accreditation ရယူရာတွင်လည်း ကောင်း၊ မူရင်းအမည်မှာ ပိုမိုသင့်တော်ပါကြောင်းနှင့် တရားဝင်ရုံးသုံးစာရွက်စာတမ်းများတွင် မြန်မာ ဘာသာဖြင့် အသုံးပြုလျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးစောမောင်၏ **ပညာရေးဝန်ထမ်းများအား ရာထူးတိုးပြောင်းရွှေ့ ခန့်ထားရာတွင် "စံ" များထားရှိရေး အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်း မောင်သိန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ပညာဦးစီးဌာနရှိ သင်ကြားရေးဆရာ ဆရာမများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများ၏ ရာထူး တိုးမြှင့်ခြင်းနှင့် ပြောင်းရွှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက် ရာတွင် ရာထူးတိုးမြှင့်ခန့်ထားခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုချက်ရယူပြီး သော ရာထူးအမျိုးအစားအလိုက် အနည်းဆုံးလိုအပ် သောပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း သတ်မှတ်ချက်များဖြင့်လည်းကောင်း၊ နိုင်ငံဝန်ထမ်း နည်းဥပဒေများတွင် ပါရှိသော ရာထူးတိုးမြှင့်ခြင်း ဆိုင်ရာ တန်းစီဇယားပုံစံများဖြင့်လည်းကောင်း၊ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခြင်းအတွက် တန်းစီဇယားမှ များကို တက္ကသိုလ်များမှ သက်ဆိုင်ရာပုဂ္ဂိုလ်များ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပြီး ရရှိလာ သောမူများဖြင့် တိကျစွာစီစစ်ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ဆရာအတတ်ပညာဦးစီးဌာနရှိ သင်ကြား ရေး ဆရာ ဆရာမများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများ၏ ရာထူးအားလုံးအတွက် ရာထူးတိုးမြှင့်ခန့်ထားခြင်း၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်း၊ ပြောင်းရွှေ့ လျှောက်ထားရာတွင် အနည်းဆုံးတာဝန်ထမ်းဆောင် ရမည့် နှစ်များသတ်မှတ်ခြင်း၊ အနေကြာသတ်မှတ် ခြင်း၊ အနေကြာသတ်မှတ်ချက်မှ ကင်းလွတ်ခြင်း၊ မိသားစုပေါင်းစည်းခြင်း (ပညာရေးနှင့် အခြားဝန်ကြီး ဌာန)နှင့် ရာထူးတိုး/ပြောင်းရွှေ့အဖိန့်စာများ ထုတ်ပြန် ခြင်းတို့ကို စံများသတ်မှတ်ထားရှိ ဆောင်ရွက်လျက် ရှိပါကြောင်း။

အခြေခံပညာဦးစီးဌာနရှိ ပညာရေးဝန်ထမ်းများ၏ ရာထူးတိုး၊ အပြောင်းအရွှေ့ ရာထူးပြောင်း၊ ရာထူး (တာဝန်ပြောင်း)နှင့် ရာထူးဝင်ပေါက်ခန့်ထားရေး များအား အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်၏ ဦးဆောင်မှုဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ။ ကျောင်းအုပ်ကြီး (ပညာရေးစီမံ ခန့်ခွဲမှုသင်တန်းကျောင်း) တို့ပါဝင်သည့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များဖြင့် ပြင်ဆင် ရေးဆွဲသတ်မှတ် အတည်ပြု၍ ခွင့်ပြုခဲ့သောသတ်မှတ် ချက်များအတိုင်း အခြေခံပညာရေးဝန်ထမ်းများ၏ ရာထူးတိုး/ ပြောင်းကိစ္စရပ်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြိုင်တည်းဆောင်ရွက်လျက် ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနရှိ ပညာရေးဝန်ထမ်းများ၏ ရာထူးတိုး၊ ပြောင်းရွှေ့ခြင်း ကိစ္စများကို သတ်မှတ်ထားသည့်စံများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းပြန်လည်ဖြေကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း၏ **ပုဂ္ဂလိက ကျောင်းများနှင့် ပြည်ပနိုင်ငံများမှရရှိသော ဘွဲ့များ အား မည်ကဲ့သို့အသိအမှတ်ပြုထားကြောင်းနှင့် နိုင်ငံ တာဝန်ထမ်းဆောင်ခွင့်ရရှိရေးအတွက် မည်ကဲ့သို့ စီမံထားရှိမှုအား သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက မြန်မာနိုင်ငံတွင် ပုဂ္ဂလိကပညာသင်ကျောင်းများနှင့် နိုင်ငံတကာ သင်ရိုးညွှန်းတမ်းဖြင့်သင်ကြားသော ပုဂ္ဂလိကကျောင်း များ၌ ဘွဲ့/ မဟာဘွဲ့/ ပါရဂူဘွဲ့များနှင့် ပြည်ပနိုင်ငံ များမှရရှိထားသော ဘွဲ့များနှင့်စပ်လျဉ်း၍ ပညာရေး ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကပညာရေးဥပဒေပုဒ်မ ၃၈၊ ၃၉ နှင့် ၄၀ တွင် ဖော်ပြထားသော ပုဂ္ဂလိက ကျောင်းဆရာအရည်အချင်း သတ်မှတ်ချက် တစ်ရပ်ရပ်နှင့်ကိုက်ညီပါက သက်ဆိုင်ရာပုဂ္ဂလိက အခြေခံပညာ ကျောင်းဆရာအဖြစ်လည်းကောင်း၊ ပုဂ္ဂလိကအဆင့်မြင့်ပညာ ကျောင်းဆရာအဖြစ် လည်းကောင်း၊ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေး ဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးကျောင်းဆရာ အဖြစ်လည်းကောင်း လျှောက်ထားနိုင်ပြီး ပုဂ္ဂလိက ကျောင်းဆရာအဖြစ် လျှောက်ထားသူများသည် DCS (Disloyal Civil Servant) ကင်းရှင်း၍ ရရှိသောဘွဲ့ မှန်ကန်မှုရှိပါက သက်ဆိုင်ရာပုဂ္ဂလိက ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေး၍ အသိအမှတ်ပြုထား ပါကြောင်းနှင့် နိုင်ငံဝန်ထမ်းအဖြစ် လျှောက်ထားလို ပါက သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အဓိန့် ကြော်ငြာစာများနှင့်အညီ လျှောက်ထားနိုင်ပါကြောင်း နှင့် ပုဂ္ဂလိကကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင် ခြင်းသည်လည်း နိုင်ငံတာဝန်ထမ်းဆောင်ခြင်းပင် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို အောက်တိုဘာ ၂၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပစဉ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ



အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အနေဖြင့် သက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ NCA လက်မှတ်မရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ အဆိုပါ ဆွေးနွေးမှုများမှ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်၊ ဖြည့်စွက်ရန် ၄၃ ချက် သဘောတူနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးသွားရန်နှင့် နိုင်ငံတော်သမ္မတက ပေးပို့ထားပြီးဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းအတွင်း ကွဲပြားစေသည့် အကြောင်းရင်းများကို သုတေသနပြုဖော်ထုတ်၍ နိုင်ငံရေးပါတီများ၏ ကွန်ရက်ကို အသုံးပြုကာ လူထုစုစည်းရေး၊ ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးတွင် ပိုမိုပါဝင်လာအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဘာသာပေါင်းစုံကွဲပြားနေသော ပြည်သူများကို နိုင်ငံရေးပါတီများက ပေါင်းစည်းပေးစေလိုပြီး လူမှုသဟာဇာတဖြစ်ရေးကို ဆောင်ရွက်သွားရန် လိုကြောင်း၊ အလုပ်အဖွဲ့အနေဖြင့် နေရပ်စွန့်ခွာသူများအား ကူညီဆောင်ရွက်ပေးနိုင်ရေး လှုပ်ရှားမှုများကို သီးခြား ဖွဲ့စည်းဆောင်ရွက်နိုင်ကြောင်း၊ နေရပ်ပြန်မည့် နေရပ်စွန့်ခွာသူများအတွက် ရေရှည်အသက်မွေးဝမ်းကျောင်း ဆိုင်ရာ မူဝါဒများ ဆွေးနွေးရန်နှင့် အစိုးရ၏ လုပ်ဆောင်ချက်များတွင် ပေါင်းစပ် အကူအညီပေးစေလိုကြောင်း၊ ကယား၊ ချင်း၊ ပအိုဝ်း ဒေသများရှိပြည်သူများ၏ နေရပ်ပြန်ရေး၊ လုံခြုံရေး၊ စားဝတ်နေရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကို ကူညီဖြေရှင်းပေးစေလိုကြောင်း၊ နိုင်ငံရေးပါတီများသည် ပြည်သူလူထုကိုယ်စားပြုသော အဖွဲ့အစည်းဖြစ်ကြောင်း၊ မိဒီယာကိုအသုံးချ၍ အစိုးရနှင့် ပြည်သူ၊ တပ်မတော်နှင့် ပြည်သူ၊ ပြည်သူနှင့်ပြည်သူအကြား အမြင်ကွဲပြားအောင် ဆောင်ရွက်နေကြကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ကုန်စည်စီးဆင်းမှု ကောင်းမွန်ရေးအတွက် ပြည်သူ့ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြတောင်းဆိုချက်များ အပေါ်တွင် လိုအပ်သလို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးနေကြောင်း၊ နိုင်ငံရေးပါတီများ အနေဖြင့်လည်း အတူတကွ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားအဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်မြတ်ဦးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီအစုအဖွဲ့ကို စုဖွဲ့မှုပုံစံအသစ် စုဖွဲ့ပေးထားသဖြင့် တွေ့ဆုံဆွေးနွေးမှုသည် ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း၊ ယခင်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်၊ ဖြည့်စွက်နိုင်ရေးသာ ဆွေးနွေးခဲ့ကြပြီး ယခုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပါ ပါဝင်ဆောင်ရွက်ခွင့်ပေးသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအား ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံရေးပါတီများအနေဖြင့် မည်သို့ဖွဲ့စည်းပြီး မည်သို့ပါဝင်ဆောင်ရွက်သွားသင့်သည်ဆိုသည်ကို ဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများမှ မိမိတို့ဒေသအတွင်းရှိ ပြည်သူလူထုအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်ဆောင်ရွက်ရေး ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း၊ ပဋိပက္ခဒဏ်ခံစားနေကြရသော ဒေသခံပြည်သူများ၏ လိုလားချက်များ၊ တောင်းဆိုမှုများအား သိရှိအောင်ဆောင်ရွက်ပြီး လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်ပေးသွားကြမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးမှုအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြရာ နိုင်ငံရေးပါတီများ အစုအဖွဲ့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အားလုံးပါဝင်ရေးအတွက် ကြားဝင်စေ့စပ်ဆောင်ရွက်ရာတွင် ပါတီအစုအဖွဲ့မှ လုပ်ဆောင်သွားမည့် အစီအစဉ်ကို အချင်းချင်းညှိနှိုင်းပြီး ညှိနှိုင်းရေးကော်မတီသို့ တင်ပြသွားမည့် ကိစ္စ၊ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ဒေသတည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အမြင်သဘောထားများကို ဆန်းစစ်ကောက်ယူဆောင်ရွက်သွားရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကြားဝင်ဆောင်ရွက်ပေးနိုင်မည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များအား ချိတ်ဆက်ဆောင်ရွက်သွားရေး၊ ယုံကြည်မှုတည်ဆောက်နိုင်ရန် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များ တွေ့ဆုံဆွေးနွေးရန်လိုပြီး အစိုးရနှင့် ပြည်သူအကြား လူမှုသဟာဇာတဖြစ်ပေါ်စေရေးအစီအမံများ ချမှတ်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများ အပါအဝင် နိုင်ငံရေးပါတီများကို ဒေသအလိုက်ငြိမ်းချမ်းရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်ဆောင်ရွက်သွားမည့် ကိစ္စတို့ကို ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှု လုပ်ငန်းစဉ်များ အပေါ်တွင် ကျယ်ပြန့်စွာ သိရှိနားလည်ပြီး နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော ငြိမ်းချမ်းရေးမူဝါဒများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အပေါ် ပိုမိုလေးနက်စွာနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ပိုမိုအထောက်အကူပြုရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မပါဝင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရေး၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ပူးပေါင်းညှိနှိုင်းဖြေရှင်းရေး၊ ဒေသအလိုက်မတူညီသော အခြေအနေများအပေါ် အခြေခံပြီး နိုင်ငံရေးပါတီ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ တိုင်းဒေသကြီး / ပြည်နယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် နည်းလမ်းများ၊ မိဒီယာနှင့် လူထုထိတွေ့ဆက်ဆံရေး လိုအပ်ချက်များနှင့် နိုင်ငံရေးပါတီများ၏ ဆွေးနွေးချက်များ အပေါ် ပြန်လည်ရှင်းလင်း တင်ပြဆွေးနွေးသည်။

ယင်းနောက်ပထမနေ့ဆွေးနွေးပွဲကို ရပ်နားပြီး ဆွေးနွေးပွဲ ဒုတိယနေ့ကို အောက်တိုဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဆယ်အိမ်စုပူး သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

လားရှိး အောက်တိုဘာ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိးမြို့တွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြိုးကြပ်ရေးအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် ဆယ်အိမ်စုမှူးသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၆ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လူထုအခြေပြု ဗဟို ဌာန Community Centre ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြိုးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝင်းက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦး၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြိုးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ ထူးချွန်သင်တန်းသူများအား ထူးချွန်ဂုဏ်ပြုဆုများကိုလည်းကောင်း၊ သင်တန်းပို့ချပေးသော ဆရာ၊ ဆရာမများအား အမှတ်တရ လက်ဆောင်များ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)



ပြည်သူများ လူမှုဘဝဖွံ့ဖြိုး တိုးတက်စေရန်နှင့် အချိန်တိုအတွင်း ကုန်ပစ္စည်းများ လွယ်ကူလျင်မြန်စွာ သယ်ယူနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၈၄ ဒသမ ၂၀၀ သန်းဖြင့် မြို့နယ်လမ်းဦးစီးဌာနမှ အမှတ်(၂)ခရိုင်ချင်းဆက် မူလကတ္တရာလမ်းပိုင်းအား ကတ္တရာတိုးချဲ့ခင်းခြင်း ဆောင်ရွက်စဉ်။

ထက်ထက်(ကျောက်ဆည်)

အီတလီဝီးဒိုးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇)အနိုင်၊ အရှုံး		NGB
မွန်ဇာ	၄ - ၀	ကက်ဂလီယာရီ

ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ပေး

ကံမ အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် ဆောင်းရာသီ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား စတင်ထုတ်ပေးခဲ့ရာ ယမန်နေ့ နံနက် ၁၀ နာရီက ကျောက်ပဒေါင်းကျေးရွာအုပ်စုမှ တောင်သူ ၁၆ ဦး၏ မြေဝိုက်ဇက ၈၆ ဧကအတွက် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၁၅ သိန်းအား ထုတ်ပေးခဲ့ရာ ငွေကျပ် သိန်းပေါင်း ၁၁၄၅၀ အား ထုတ်ချေးပေးရန် လျာထားပြီး မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ စသည့် ဆောင်းရာသီ စိုက်ပျိုးမြေတစ်ဧကလျှင် ငွေကျပ် နှစ်သိန်းငါးသောင်းနှုန်းဖြင့် ကျေးရွာအုပ်စု ၁၂ အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စေယျဝင်း(ကံမ)

၀-၀-၀-၀-၀

မဟာသက္ကရာဇ်နှစ်ကျော်တော်ကြီးမြတ်စွာဘုရား (၁၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ



မန္တလေး အောက်တိုဘာ ၁၉

မန္တလေးမြို့ ရတနာပုံမြို့တည်နှန်းတည် ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာသက္ကရာဇ်နှစ် ကျောက်တော်ကြီးမြတ်စွာဘုရား(၁၃၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃဒါနဆွမ်းလောင်းလှူပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး လေးပြင် လေးရပ်မှ ပင့်သံဃာအပါး ၂၅၀၀ အား ဆွမ်းသပိတ်များနှင့် မွန်းလွဲ ၁ နာရီတွင် သီလရှင်အပါး ၂၅၀၀ အား ဆွမ်းဆန်စိမ်းများ လောင်းလှူသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မဟာသက္ကရာဇ်နှစ် ကျောက်တော်ကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မဟာသက္ကရာဇ်နှစ် ကျောက်တော်ကြီးဘုရားကို ဖူးမြော်ကြည်ညိုကြသည်။

၄င်းနောက် မဟာသက္ကရာဇ်နှစ် ကျောက်တော်ကြီးမြတ်စွာဘုရား အရှေ့ဘက်မုခ်ဦးတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များက နမော်တဿ သုံးကြိမ်ရွတ်ဆို ပူဇော်၍ ဖဲကြိုးဖြတ်ဖွင့် လှစ်ပြီးနောက် ကပြဖျော်ဖြေခဲ့သည့် အဖွဲ့များအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

မဟာသက္ကရာဇ်နှစ် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပူဇော်ပွဲတော်ကို သီတင်းကျွတ်လဆန်း ၈ ရက်၊ (အောက်တိုဘာ ၁၉ ရက်)မှ သီတင်းကျွတ်လ ပြည့်ကျော် ၃ ရက်၊ (အောက်တိုဘာ ၂၉ ရက်)အထိ ၁၁ ရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ သီတင်းကျွတ်ကာလများတွင် ကျင်းပသည့် မန္တလေးမြို့ရှိ အထင်ကရပွဲတော်များတွင် ရက်အရှည်ဆုံး ကျင်းပသည့် ဘုရားပွဲတော်ဖြစ်ပြီး ဒေသခံပြည်သူများ သာမက ပြည်တွင်း၊ ပြည်ပဘုရားဖူးလာ ပြည်သူများနှင့် လည်ပတ်ကြသူများ၊ ရိုးရာဓလေ့မြန်မာမုန့်မျိုးစုံများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် အမှတ်တရပစ္စည်းများ ရောင်းချသည့် ဈေးဆိုင်ခန်းများ၊ ဇာတ်သဘင်ပွဲများဖြင့် နှစ်စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

မန္တလေး အောက်တိုဘာ ၁၉

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)ပြိုင်ပွဲဝင်ရန် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူနည်းပြများ၊ ကြီးကြပ်သူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှ နေပြည်တော်သို့ ထွက်ခွာသွားကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက စုရပ်ဖြစ်သော အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံရှေ့တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ တို့က မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များအနေဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်သွားရန်၊ လေ့ကျင့်ထားမှုများနှင့် အတွေ့အကြုံများ ပေါင်းစပ်၍ တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်သူများဖြစ်စေလိုပါကြောင်း ပြောကြား၍ အုပ်ချုပ်သူနည်းပြများနှင့် ကြီးကြပ်သူများကို လိုအပ်သည်များမှာကြားကာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



နည်းပညာဟောပြောပွဲ မြို့တော်ခန်းမ၌ ကျင်းပ

မန္တလေး အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့်မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း မြို့နယ်၊ ၂၆လမ်းနှင့် ၂၇လမ်း ခွဲ၊ မန္တလေး(မန္တလေးတိုင်းဒေသကြီး)တို့ပူးတွဲကျင်းပသည့် နည်းပညာဟောပြောပွဲကို ယနေ့နံနက် ပိုင်းက မန္တလေး၊ ချမ်းအေးသာစံ မြို့နယ်၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားရှိ မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲမန္တလေး(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးရွှေဇင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအသိအမှတ်ပြု PE,RSE,RE လက်မှတ်ရအင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ၊ မန္တလေး(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးမှူးက အဆောက်အအုံဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များကို ရှင်းလင်းပြောကြား၍ မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခ၊ ဌာနမှူး ဒေါက်တာသက်ဦးကဗိသုကာနှင့် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းခွင်များတွင် အခြေခံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများနှင့် ဒေသန္တရစည်းကမ်းချက်များကို ပေါင်းစပ်ကျင့်သုံးခြင်း၊ ဆောက်လုပ်ရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အင်ဂျင်နီယာဆိုင်ရာ နည်းပညာအကြောင်း ရှင်းလင်းပြောကြား၍ ဦးနေလင်းထွန်း (PE-Construction)က ငလျင်ဒဏ်ခံနိုင်သော အဆောက်အအုံများနှင့် ငလျင်ဒဏ်ကြံ့ကြံ့ခံနိုင်သော အဆောက်အအုံများတည်ဆောက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့်ဟောပြောရှင်းလင်းပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)



- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရေးနှင့် စားရေရိက္ခာဖူလုံရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်ရေး၊ အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးခြင်း(Home Gardening)လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



မန္တလေး အောက်တိုဘာ ၁၉

အယ်လ်နီညိုဖြစ်စဉ်ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ခြင်းများ စီမံဆောင်ရွက်ထားရေးနှင့် စားရေရိက္ခာဖူလုံရေး၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေး လုပ်ဆောင်ရေး၊ အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးခြင်း(Home Gardening) လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများတွင် အယ်လ်နီညိုဖြစ်ပေါ်ခြင်းကြောင့် အစွန်းရောက်ရာသီဥတုများ ပြင်းထန်စွာခံစားကြရပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၂၆ ခုနှစ်တွင် အယ်လ်နီညိုဖြစ်စဉ် ကျရောက်လာနိုင်မည်ဟု မိုးလေဝသ ပညာရှင်များက အသိပေးနိုးဆော်ထားပါကြောင်း၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ထိခိုက်မှုနည်းနိုင်သမျှ နည်းအောင် မဖြစ်ပွားမီ၊ ဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီး အခြေအနေများကို ထည့်သွင်းတွက်ချက်၍ ကြိုတင်ပြင်ဆင်ခြင်းဖြင့် ကောင်းစွာကျော်ဖြတ်နိုင်ရန် စီမံချက်များစနစ်တကျရေးဆွဲ၍ အဖြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးသီးနှံ၊ သား၊ ငါး၊ ကြက်ဥထုတ်လုပ်မှုများ ထိခိုက်ပျက်စီးမှုနည်းပါးစေရေးနှင့် ထိခိုက်ပျက်စီးမှုများအား အစားထိုးပြန်လည်ဆောင်ရွက်သွားနိုင်ရေး၊ စိုက်ပျိုးရေး သောက်သုံးရေများ အလေအလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး ဌာနဆိုင်ရာများက စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် ကြုံတွေ့လာနိုင်မည့်အခြေအနေနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းများ၊ စားရေရိက္ခာဖူလုံရေးကဏ္ဍတွင် အားပေးဆောင်ရွက်နေသည့် အရင်းအနှီးနည်းပါးပြီး မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့် အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးခြင်း (Home Gardening)လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန်တို့ကို ပြည်သူလူထုများ စိတ်ပါဝင်စားစွာဖြင့် လိုက်ပါဆောင်ရွက်နိုင်ရန် အသိပညာပေးခြင်းများကို ပြည်သူလူထုအတွင်း ထိရောက်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဌာနဆိုင်ရာများက အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် ကြုံတွေ့လာနိုင်မည့် အခြေအနေများအပေါ် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားနေမှုများ၊ အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိမှုများ၊ အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးခြင်း(Home Gardening)လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

o-o-o-o-o

အိမ်တွင်းလက်မှုပညာ ဖယောင်းတိုင်ပြုလုပ်နည်း သင်တန်းဖွင့်လှစ်

မန္တလေး အောက်တိုဘာ ၁၉

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ဦးဆောင်မှု၊ မဟာအောင်မြေခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှုဖြင့် မဟာအောင်မြေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ အိမ်တွင်းလက်မှုပညာ ဖယောင်းတိုင်ပြုလုပ်နည်းသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းသို့ မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ မဟာအောင်မြေခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်ကလျာအောင်၊ မဟာအောင်မြေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်၊ ချမ်းအေးသာစံမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သင်တန်းနည်းပြ ဒေါ်ချိုမာဦးနှင့် သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် သင်ကြားပို့ချမှု အခြေအနေကို တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(၀၅၆)





မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

သရက် အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်း အယ်လ်နီညိုဖြစ်စဉ်ကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအလွန်အမင်း ပူပြင်းခြောက်သွေ့မှုများကြောင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များရှိ CNG နှင့် LPG Gas အသုံးပြုလုပ်ကိုင်သည့် လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် သိုလှောင်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများသို့ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်၍ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲဇော်ထွေးဦးဆောင်သော တပ်ဖွဲ့ဝင်များသည် လုပ်ငန်းရှင်များအနေဖြင့် မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုစိုက်လုပ်ကိုင်ကြရန်၊ မီးသတ်ဆေးဘူးများ အရန်သင့်ထားရှိရေးနှင့် ပျက်စီးယိုယွင်းမှု ရှိ၊ မရှိ ပုံမှန်စစ်ဆေးရန်၊ လျှပ်စစ်မီးသုံးစွဲရာတွင် စနစ်တကျသုံးစွဲကြရန်နှင့် ဓာတ်ငွေ့အိုးများ သိုလှောင်ဖြန့်ဖြူးရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်သည်များကို အသေးစိတ်စစ်ဆေးအကြံပြုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

နိုဗွန်ဈေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မိုးညှင်း အောက်တိုဘာ ၁၉

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့တွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီက ကြီးမှူးကျင်းပသော (၂၂)ကြိမ်မြောက် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များ၏ စုပေါင်းမဟာဘုံကထိန်ပွဲတော်နှင့် သီတင်းကျွတ်လပြည့်ညတွင် နိဗ္ဗာန်ဈေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့်က ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များ၏ (၂၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်အား မဲစနစ်ဖြင့် ယခင်နှစ်က ဆရာတော်ကြီးများရှေ့၌ ကထိန်မဲပေါက်ခဲ့သည့် မိုးညှင်းမြို့၊ ရွာသစ်ကုန်းကျောင်းတိုက်တွင်လည်း ကောင်း၊ သီတင်းကျွတ်လပြည့်နေ့တွင် စိမ်းလဲ့သာယာပန်းခြံရှေ့မြက်ခင်းပြင်၌ ပျော်ပွဲရွှင်ပွဲအဖြစ် သုံးယောက်တွဲအမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့်လပြည့်ညတွင် နိဗ္ဗာန်ဈေးပွဲတော်ကို ကျင်းပသွားမည်ဖြစ်ရာ အေးချမ်းဖျော်ရွှင်စွာ လာရောက်လည်ပတ်အပန်းဖြေကြမည့် ဒေသခံပြည်သူများအား ဌာနဆိုင်ရာများမှ စတုဒိသာမုန့်များ ကျွေးနိုင်ရေးတို့ကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက (၂၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်နှင့်သီတင်းကျွတ်လပြည့်ညတွင် နိဗ္ဗာန်ဈေးပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် လုပ်ငန်းလိုအပ်သည်များကို အသီးသီး ပါဝင်ဆွေးနွေးကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွှေမိုးညင်း



ရွှေကုတ္တိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ရွှေကုတ္တိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု



ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု

ရွှေကုတ္တိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုတ္တိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုတ္တိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံတစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုတ္တိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာအပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀


အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ထံ ဖြိတ်နိုနိုင်ငံ တတိယမြောက် ချစ်စဘုရင်က စာအုပ် ၂ အုပ် အိတ်ပိတ်စာအိတ် ၁ အိတ်နှင့် သံတမန်အိတ်ပိတ်စာ ပေးပို့

နေပြည်တော် အောက်တိုဘာ ၁၉


ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူများကယခုနေ့ နံနက်ပိုင်းတွင် အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ထံ ဖြိတ်နိုနိုင်ငံ တတိယမြောက် ချစ်စဘုရင်က ပေးပို့သည့် စာအုပ် ၂ အုပ် (The Land Gardeners – Soil to Table နှင့် Soil The World at Our Feet) အိတ်ပိတ်စာအိတ် ၁ အိတ်နှင့် သံတမန်အိတ်ပိတ်စာတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်



အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပေးပို့ခဲ့သည့် စာအုပ်များ။



Soil The World at Our Feet



The Land Gardeners – Soil to Table

VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

နမ့်စန် အောက်တိုဘာ ၁၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက နားလင်းကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်သက်ဝါခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများ ရွေးချယ်ပွဲစည်းရုံးတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော နားလင်းကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြကြောင်း သိရသည်။

ကာရံ(ကျေးလက်)

အယ်လ်နီညိုရာသီဥတု ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

မြို့သစ် အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် အယ်လ်နီညိုရာသီဥတုကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့နှင့်ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက မြို့နယ်စည်ပင်သာယာဈေးအတွင်းနှင့် စာတိုက်လမ်းဆုံတို့၌ ဖြန့်ဝေခဲ့သည်။

ထိုသို့ အယ်လ်နီညိုကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေရာတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်စည်ပင်သာယာဈေးအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ၊ စာတိုက်လမ်းဆုံရှိ ခရီးသွားပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အယ်လ်နီညိုရာသီဥတုကို ကြိုတင်ကာကွယ်ရေးလက်ကမ်းစာစောင်များတွင် ဝိုက်ဖိုင်ရေး၊ မွေးမြူရေးနှင့် ပတ်သက်သည့် ဆောင်ရွက်ရမည့်အချက်များ၊ သဘာဝဘေးအန္တရာယ်အမျိုးအစားများ၊ မီးသတ်မူရေးအကြောင်းအရာများ၊ ကျန်းမာရေးဆိုင်ရာ သတိပြုလိုက်နာရမည့် အချက်များ ပါဝင်သည့် လက်ကမ်းစာစောင်များအား ဌာနဆိုင်ရာ ဝန်ထမ်းများက အသိပညာပေးဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဝင်းအိဇွန်(ပြန်/ဆက်)



နိုင်ငံတကာ အားကစား သတင်းများ

အူနိုင်းအမ်မရီ နည်းပြဘဝ ပရီးမီးယားလိဂ် နိုင်ပွဲ ၁၀၀ ပြည့်မြောက်



လန်ဒန် အောက်တိုဘာ ၁၉

အက်စတွန်ဗီလာအသင်း နည်းပြ အူနိုင်းအမ်မရီသည် နည်းပြဘဝ ပရီးမီးယားလိဂ် နိုင်ပွဲ ၁၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းက နယူးကာဆယ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်ကို ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။ **(ဝဲပုံ)**

နည်းပြ အူနိုင်းအမ်မရီသည် အက်စတွန်ဗီလာအသင်းကို ပရီးမီးယားလိဂ်ပွဲစဉ် ၁၉၇ ပွဲ ကိုင်တွယ်ခဲ့ပြီး နိုင်ပွဲ ၁၀၀ ရယူနိုင်ခဲ့သည်။

အသက်(၅၄)နှစ်အရွယ်ရှိ အူနိုင်းအမ်မရီက 'ကျွန်တော် အခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ယခုနှစ်ဘောလုံးရာသီမှာ အက်စတွန်ဗီလာအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားမှာပါ' ဟု ပြောသည်။ **(NGB)**

မက်ဆီ ကစားသမားဘဝ သွင်းဂိုး ၉၃၆ ဂိုးအထိ ရှိလာ

ဝါရှင်တန် အောက်တိုဘာ ၁၉

မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်းတိုက်စစ်မှူး မက်ဆီသည် ပရိုကစားသမားဘဝ သွင်းဂိုး ၉၃၆ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် မေဂျာလိဂ်ပွဲစဉ်အဖြစ် အင်တာမိုင်ယာမီအသင်းက အတ္တလန္တာယူနိုက်တက်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့ပြီးနောက် ယခုလို သွင်းဂိုး စုစုပေါင်း ၉၃၆ ဂိုး ရှိလာခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး မက်ဆီသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲခုံ ၃၂ ပွဲ ကစားပြီး ၂၉ ဂိုးအထိ သွင်းယူထားသည်။

အသက်(၃၉)နှစ်အရွယ်ရှိ မက်ဆီက 'ကျွန်တော် အခုလို ပရိုကစားသမားဘဝ သွင်းဂိုး ၉၃၆ ဂိုးအထိ ရှိလာခဲ့လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေ အပြင် အသင်းနဲ့အတူ ဆုဖလားတွေ ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ' ဟု ပြောသည်။**(အောက်ပုံ)**



(NGB)



ရီးရဲလ်မက်ဒရစ်အသင်းက ဆီဗီလာအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

မက်ဒရစ် အောက်တိုဘာ ၁၉

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဆီဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရီးရဲလ်မက်ဒရစ်အသင်းက ဆီဗီလာအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် မိနစ် ၃၀ တွင် ဂူလာ၊ ပွဲချိန် ၃၇ မိနစ်နှင့် ၆၃ မိနစ်တွင် ဘာပေ၊ ပွဲချိန် ၈၂ မိနစ်တွင် ဒီယိုမန်ဒီတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ရီးရဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၂၆ ရက်တွင် ဘာစီလိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(NGB)**

ဂိုးသမား မာတီနက်ဇ် မေးဂိုးဒဏ်ရာကြောင့် ရက်သတ္တအတန်ကြာ အနားယူရဖွယ်ရှိ

လန်ဒန် အောက်တိုဘာ ၁၉

ချဲလ်ဆီးအသင်း ဂိုးသမား



မာတီနက်ဇ်သည် မေးဂိုးဒဏ်ရာကြောင့် ရက်သတ္တ အတန်ကြာ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ဂိုးသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ဂိုးသမား မာတီနက်ဇ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ချဲလ်ဆီးအသင်းအတွက် ကြိုးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ **(ဝဲပုံ)**

အသက်(၃၄)နှစ်အရွယ်ရှိ ဂိုးသမား မာတီနက်ဇ်သည် ချဲလ်ဆီးအသင်းနှင့်အတူ ယခုနှစ် ဘော်လုံးရာသီတွင် ပြိုင်ပွဲစုံ ခြောက်ပွဲကစားပြီး လက်စွမ်းပြထားသည်။ **(NGB)**

2026 Lisboa Belem Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Clara Burel ဆွတ်ခူး

လန်ဒန် အောက်တိုဘာ ၁၉

ပေါ်တူဂီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Lisboa Belem Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပြင်သစ်တင်းနစ်မယ် Clara Burel က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်မယ် Clara Burel သည် 2026 Lisboa Belem Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် စပိန်တင်းနစ်မယ် Leyre Romero Gormaz အား ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ Clara Burel က 'ကျွန်မ အခုလို 2026 Lisboa Belem Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိဟော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်အောင်




ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။ **(အပေါ်ပုံ)**

(NGB)

ပီယာကာလူလူကို ခေါ်ယူရန် လီဗာပူးအသင်း စီစဉ်

လန်ဒန် အောက်တိုဘာ ၁၉



လီဗာပူးအသင်းသည် ဂျူဗင်တပ်အသင်း နောက်ခံကစားသမား ပီယာကာလူလူကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၉ ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ဂျူဗင်တပ်အသင်းကလည်း ပီယာကာလူလူအတွက် ငြင်းရွေ့ကြေး စတာလင်ပေါင် ၂၇ သန်း ရရှိပါက မည်သည့်အသင်းကို မဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် လီဗာပူးအသင်း အနေဖြင့် ဆောင်းရာသီစျေးကွက် အတွင်းတွင် ဂျူဗင်တပ်အသင်းထံမှ ပီယာကာလူလူကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)**

(NGB)

ရာဘီယော့စ်ကို စာချုပ်သက်တမ်းတိုးရန် အေစီမီလန်အသင်း စီစဉ်

မီလန် အောက်တိုဘာ ၁၉

အေစီမီလန်အသင်းသည် ကွင်းလယ်ကစားသမား ရာဘီယော့စ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည်



အေစီမီလန်အသင်းနှင့် အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၁ ပွဲ ကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

အေစီမီလန်အသင်း၏ ထုတ်ပြန်ချက်တွင် 'ရာဘီယော့စ်ကို စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် အားထားရတဲ့ ဝါရင့်ကစားသမားတစ်ဦးပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ' ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)** **(NGB)**

အင်္ဂလိပ် ချန်ပီယံရှစ် ဘော်လုံးပြိုင်ပွဲ (ပွဲစဉ်-၆)ပွဲကျန် နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၁-၁၀-၂၀၂၆ နံနက် ၀၃း၅၅ နာရီ	ဝုဗ် - ပို့စ်စမောက်	-----

ဥရောပ ချန်ပီယံလိဂ် ဘော်လုံးပြိုင်ပွဲ(အမှတ်ပေး လိဂ်အဆင့်)(ပွဲစဉ်-၃) နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်/ပြည်တွင်းအမှတ်ပေးပွဲအဆင့်	နောက်ဆုံးတွေ့ဆုံမှုရလဒ်
၂၁-၁၀-၂၀၂၆ အင်္ဂါနေ့	ည ၁၁း၁၅ နာရီ	ဗီနာဘာချီ - ဆလားဗီးယားပရက် (ဂျူရက်-၃) (ချက်-၁)	ဗီနာဘာချီ ၂-၁ ဆလားဗီးယားပရက် (၂၉-၁၁-၂၀၂၄ ယူရိုပါလီဂ်ပြိုင်ပွဲ)
〃	〃	ဆာဘက်ရှ် - ဇဲဖွဲ့နွန် (အဇာဘိုင်ဂျန်-၁) (ဂျာမနီ-၂)	----
၂၁-၁၀-၂၀၂၆ ဗုဒ္ဓဟူးနေ့	နံနက် ၀၃း၃၀ နာရီ	ပေါ်တို - ဗီအက်စ်ဘွီ (ပေါ်တူဂီ-၄) (နယ်သာလန်-၃)	ပေါ်တို ၀-၃ ဗီအက်စ်ဘွီ (၂၂-၅-၂၀၁၆ ကလပ်အသင်းခြေစမ်းပွဲ)
〃	〃	လီတပူး - ဗီလာရီးရဲလ် (အင်္ဂလန်-၅) (စပိန်-၁)	လီတပူး ၂-၀ ဗီလာရီးရဲလ် ဗီလာရီးရဲလ် ၂-၃ လီတပူး
〃	〃	မန်စီးတီး - AEKအေသင် (အင်္ဂလန်-၁) (ဂရိ-၄)	-----
〃	〃	ဗီအက်စ်ဂျီ - ဘာစီလိုနာ (ပြင်သစ်-၂) (စပိန်-၁)	ဗီအက်စ်ဂျီ ၂-၃ ဘာစီလိုနာ ဘာစီလိုနာ ၁-၄ ဗီအက်စ်ဂျီ
〃	〃	နာပိုလီ - ဘိုဒိုဂလင့် (အီတလီ-၉) (နော်ဝေ-၁)	-----
〃	〃	စတုဂတ် - အက်သလက်တီကို (ဂျာမနီ-၁၃) (စပိန်-၂)	စတုဂတ် ၁-၁ အက်သလက်တီကို (၅-၀-၂၀၁၀ ကလပ်အသင်း ခြေစမ်းပွဲ)
〃	〃	ဂိုးမား - ဆလိုဗန် (အီတလီ-၃) (ဆလိုဗတ်ကီးယား-၄)	ဂိုးမား ၁-၁ ဆလိုဗန် (၂၆-၀-၂၀၁၁ ယူရိုပါလီဂ်ပြိုင်ပွဲ)

သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် စက်ယန္တရားများနှင့် ရေလှောင်ကန်များအား စစ်ဆေး

ဝောင်တွင်းကြီး အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ စုပါအယ်လ်နီညီရာသီဥတုကာလအတွင်း မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်ရှိ အိမ်ထောင်စု ၁၀၈၃၅ စု၊ ဒေသခံပြည်သူ ၄၇၀၈၉ ဦး အတွက် သောက်သုံးရေ ဖူလုံစွာရရှိစေရေးကို ယမန်နေ့ နံနက်ပိုင်းက စည်ပင်သာယာရေးနှင့် ရေလှောင်ကန်များအား ပူးပေါင်းစစ်ဆေးခဲ့ကြသည်။

ထို သို့စစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ်အတွင်း သောက်သုံးရေဖြန့်ဝေပေးသည့် လိုင်းများဖြစ်သည့် အမှတ်-၁ လိုင်း(တောင် ပြင်-၁ရပ်ကွက်၊ တောင်ပြင်-၂ ရပ်ကွက်)၊ အမှတ်-၂လိုင်း (အုန်း တော-၁ရပ်ကွက်၊ အုန်းတော -၂ရပ်ကွက်)၊ အမှတ်-၃လိုင်း (ရွှေအိုး -၁ ရပ်ကွက်၊ ရွှေအိုး-၂ ရပ်ကွက်၊ မောင်းတိုင် -၁ရပ် ကွက်၊ ရွှေကြာအင်း -၂ရပ်ကွက်)၊ အမှတ်-၄လိုင်း (ရွှေအိုး -၁ ရပ်ကွက်၊ ရွှေကြာအင်း-၁ရပ်ကွက်၊ ရွှေကြာအင်း-၂ ရပ်ကွက်) ၊ အမှတ်-၆ လိုင်း (ရွှေအိုး -၁ ရပ်ကွက်၊ မောင်းတိုင် -၂ ရပ်ကွက်)များနှင့် အဖွဲ့ပိုင် စက်ရေတွင်းများဖြစ်သည့် ရုစ်လက်မ စက်ရေတွင်း ကိုးတွင်း၊ ခြောက်လက်မ စက်ရေတွင်း နှစ်တွင်း၊ လက်တူးတွင်းကျယ် တစ်တွင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။



တောင်တွင်းကြီးမြို့နယ်သည် မြို့ပေါ် အကျယ်အဝန်း ၃ ဒသမ ၁၄ စတုရန်းမိုင်၊ ရပ်ကွက်ပေါင်း ၁၀ ရပ်ကွက်၊ အိမ်ခြေ ၁၀၂၉၉ အိမ်၊ အိမ်ထောင်စု ၁၀၈၃၅ စု၊ လူဦးရေ ၄၇၀၈၉ ဦး ရှိပြီး စည်ပင်သာယာရေးအဖွဲ့ပိုင် သောက်သုံးရေ ဖြန့်ဝေလိုင်းများနှင့် စက်ရေတွင်းများအပြင် ပုဂ္ဂလိကရေရှည်သုံးစွဲခိုင်သည့် စက်ရေတွင်း ၅၇၀ ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။ **(ဝဲပုံ)**

နောင်နောင် (ဗိသနိုးမြေ)

ဆီထွက်သီးနှံ ဆောင်းမြေပဲစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိ

ကျန်းလှ အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျန်းလှမြို့နယ်၌ ဒေသတွင်းစားသုံးဆီဖုလုံပြီး ပြည်ပစားသုံးဆီတင်သွင်းမှု လျော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံမျိုးစုံကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် ဆောင်းရာသီ ဆီထွက် သီးနှံ မြေပဲစိုက်ပျိုးရန် တောင်သူများ ပြင်ဆင်ဆောင်ရွက်နေကြသည်။

"ကျန်တော် နှစ်စဉ် ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲကို မိုးရာသီနဲ့ ဆောင်းရာသီမှာ စိုက်ပျိုးတယ်။ မိုးရာသီမှာ မြေပဲသုံးစက စိုက်ပျိုးခဲ့ပြီး ထွက်ရှိတဲ့ သီးနှံကို ဆောင်းမြေပဲစိုက်ပျိုးရန် မျိုးချစ်ပြီး ပိုလျှံတဲ့ သီးနှံကို ဆီကြိတ်ခွဲရောင်းချရာ အကျိုးအမြတ်ရရှိခဲ့တယ်။ ဒီနှစ် ဆောင်းရာသီမှာ မြေပဲ ငါးစကစိုက်ပျိုးရန်အတွက် ပြင်ဆင်နေတယ်" ဟု ရှမ်းစုကျေးရွာမှ တောင်သူ ဦးနိုင်က ပြောသည်။

အဆိုပါ ဆောင်းမြေပဲ စိုက်ပျိုးမည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် မြေပဲမျိုးများရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးပညာပေးခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

ကျန်းလှမြို့နယ်တွင် ယခင်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးမှုအဖြစ် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညင်းစေ့ စုစုပေါင်းဧက ၃၅၂၈၀ စိုက်ပျိုးခဲ့ပြီး ယခုနှစ် ၃၃၆၅၂ ဧက စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(၄၈၀)**

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်း ဆပ်ပြာပြုလုပ်နည်းသင်တန်းဆင်းပွဲ ကျင်းပ

ညောင်ဦး အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်း ဆပ်ပြာပြုလုပ်နည်း သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၈ ရက်က အနောက်ဖွားစောကျေးရွာ ရွာလယ်မမွာရုံ၌ ကျင်းပရာ ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်သီရိဝင်းက အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်း ဆပ်ပြာပြုလုပ်နည်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသား ကိုယ်စားလှယ်တစ်ဦးက သင်တန်းဖွင့်လှစ်ပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၄၄၅)**





ဘုရားဧတဒေါ ၁၂ ဆူ အပေါ်တွင် ပေါက်ရောက်နေသော အပင်များ ဆေးထိုးပယ်ရှားပြီး ပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်

ညောင်ဦး အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးရှေ့ဟောင်းယဉ်ကျေးမှုဒေသရှိ ဘုရားစေတီ ၁၂ ဆူ အပေါ်တွင် ပေါက်ရောက်နေသည့် အပင်များကို ဆေးထိုးဖယ်ရှားပြီး ပြုပြင်ထိန်းသိမ်းမှုများအား အောက်တိုဘာလ ပထမပတ်မှ စတင်လုပ်ဆောင်လျက်ရှိသည်။

အပင်များ ဆေးထိုးဖယ်ရှားပြီးနောက် ပျက်စီးနေသည့် အုပ်ချုပ်များမှ ရေယိုစိမ့်မှု မရှိစေရန် အုတ်ကြားသိပ်ခြင်းနှင့် အင်္ဂတေထိုးသွင်းခြင်းများအား ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လုပ်ငန်းဆောင်ရွက်နေသည့် Future Bagan အဖွဲ့ထံမှ သိရသည်။

"အပင်ပေါက်ရောက်မှုများတဲ့ ဘုရားစေတီတွေကို အဓိကထား ထိန်းသိမ်းတာပါ။ အပင်တွေက ဆွဲနုတ်ရင် အမြစ်ကျန်ပြီး ပြန် ပေါက်ပါတယ်။ ဒါကြောင့် အမြစ် ထိသေအောင် ဆေးထိုးဖယ်ရှားမှု ပြန်မပေါက်နိုင်တာပါ။ ယခု အောက်တိုဘာ ၅ ရက်က စလုပ်ပါတယ်။ ကိုယ့်ဒေသကယဉ်ကျေးမှုတွေ ရေရှည်တည်တံ့ရေးအတွက် စုဖွဲ့ပြီး လုပ်ကြတာပါ" ဟု Future Bagan အဖွဲ့မှ ကိုနိုင်က ပြောသည်။

အပင်များအား ဆေးထိုးဖယ်ရှားနေသည့် ဘုရားစေတီ ၁၂ ဆူမှာ အလောင်းစည်သူမင်းကောင်းမှုဖြင့် တည်ထားသည့် ရွှေဂူကြီးဘုရား အပါအဝင် မြင်ပြဂူ၊ မြရွှေဂူနှင့် ဘုရားအမှတ် ၂၆၃၊ ၃၃၃၊ ၁၉၉၁၊ ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၄၊ ၁၉၉၅၊ ၁၉၉၆ နှင့် ၁၉၉၉ တို့ ဖြစ်သည်။

Future Bagan အဖွဲ့မှ ယခုနှစ် ဇွန်လနှင့် ဩဂုတ်လ တို့ကလည်း ဘုရားစေတီ အဆူ ၂၀ ခန့် အပေါ်ရှိ အပင်များအား ဆေးထိုးဖယ်ရှားခြင်းနှင့် အင်္ဂတေထိုးခြင်းများ လုပ်ဆောင်၍ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခြင်း၊ နံရံဆေးရေးပန်းချီများရှိသော ဘုရားများတွင် လင်းနို့၊ ခါင်္ဂမများ မဝင်ရောက်စေရန် ဝင်ပေါက်တံခါးတွင် သံဆန်ခါတပ်ဆင်ခြင်းနှင့် အလင်းဝင်ပေါက်များတွင် ယင်းလိပ်တပ်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၄၅)

ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

မိုင်းယန်း အောက်တိုဘာ ၁၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မူလခွင့်ပြုရန်ပုံငွေဖြင့် ဝမ်တောင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံ အင်္ဂ၊ ဗ်ာ၊ နီ ယာများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက ဝမ်တောင်းကျေးရွာ ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ မြေသား ကိုးလက်မ ထူ မြေဖို့ခြင်း ဂျင်းမြေကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အခြံမြဲမိ ပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆေးဆိုင်များတွင် သတ်မှတ်ချက်များနှင့်အညီ ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

မတ္တရာ အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစခရိုင်၊ မတ္တရာမြို့နယ်၌ ဆေးဆိုင်များအား သတ်မှတ်စည်းကမ်းချက်နှင့်အညီ ရောင်းချမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ နံနက် ၉ နာရီက ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်ခဲ့သည်။

ထို့သို့ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြတ်သူနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆေးဆိုင်များ လိုင်စင်ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခြင်း၊ သက်တမ်းလွန် ဆေးဝါးများ ရောင်းချမှု ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် အခြားဆေးဝါးများ ဆေးဆိုင်အတွင်း ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်စည်းကမ်းချက်များနှင့် ရောင်းချရေးအတွက် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

ရွှေရာသား

ရေးဟောင်းဖောင်တော်ဝမ်းစေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူပွဲ ကျင်းပ



မန္တလေး အောက်တိုဘာ ၁၉

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၉၂ လမ်း၊ ၃၃ A လမ်းနှင့် ၃၅ လမ်းကြား၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅ မန္တလေးတိုင်းဒေသကြီး ရုံးဝင်းအတွင်းရှိ ရေးဟောင်းဖောင်တော်ဝမ်းစေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ရွှေထီးတော်များ တင်လှူပွဲတော်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါ စေတီတော်၌ ကျင်းပသည်။

စိန်ဖူးတော်နှင့် ရွှေထီးတော် တင်လှူပွဲတော်ပွဲကို သံဃာတော်များနှင့် ဇည့်ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်း ဆရာတော် အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ တိကွိန္ဒြယာဘိဝံသထံမှ ဇည့်ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြ၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်အား လက်ယာရစ်ပက်ဖျန်း၊ ကြဖြန့်၊ ချည်နှောင်ပြီး ရတနာစိန်ဖူးတော်၊ ၄င်းတိုင်းဒေသကြီး ဦးစီးမှူးဦးဝင်းလွင်ဦးနှင့် အလှူရှင်များက သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ စစ်ကိုင်းမြို့ ခိုင်စည်ဆရာတော် ဘဒ္ဒန္တနာဂသဒ္ဓမ္မ ရာဇထံမှ ရေစက်ချတရား နာယူကြည်ညိုကြသည်။

ဆက်လက်၍ ရတနာစိန်ဖူးတော် ၄ က်မြတ်နားတော်များ တင်လှူပူဇော်ရာတွင် စိန်ဖူးတော် ၄ က်မြတ်နားတော်တို့ကို အလှူရှင်များဖြစ်သည့် တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းမိသားစုများက ပဉ္စဆောင်ကာ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်၍ ရွှေထီးတော်တုံအဆင့်ဆင့်နှင့် ၄ က်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို အမွေးနုံသာရည်ဖြင့် ပက်ဖျန်းပြီး မင်္ဂလာအချိန်တွင် အဆင့်ဆင့် ပဉ္စဆောင်တင်လှူပူဇော်ကြကာ အောင်မြင်ခြင်းအထိမိုးအမှတ် ရတနာရွှေဖိုးငွေဖိုးများ ရွာသွန်းပြီး သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရပ်သိမ်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြသည်။

ရုံးဝင်းအတွင်းရှိ ခေတ်အဆက်ဆက်မှ တည်ထားကိုးကွယ်တော်မူခဲ့သည့် ဖောင်တော်ဝမ်းစေတီတော်မြတ်သည် ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့ရာ အနန္တော၊ အနန္တငါးပါးအား ဦးထိပ်ပန်ဆင်လျက် မူလဘုရားဒါယကာ၊ ဒါယိကာမများ၊ ဘဝအဆက်ဆက်မှ တော်စပ်ခဲ့ကြသော ဆွေတော်မျိုးတော်များ၊ စိန်ဖူးတော်သာသနာပြုအဖွဲ့နှင့် ပဋ္ဌာန်းဆက်ကုသိုလ်ရှင် ခုနစ်ရက်သားသမီးများ၏ စုပေါင်းကုသိုလ်ဖြင့် အသစ်တစ်ဖန်ပြန်လည်ပြုပြင်ပြီး ရတနာအမော်စေတီတော်ကြီး၏ အခေါင်မကိုင်းအထွတ်တွင် ရွှေထီးတော်၊ ၄ က်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့အား တင်လှူပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

o-o-o-o-o-o-o



(၁၃)ကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူ

မန္တလေး အောက်တိုဘာ ၁၉

ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့က ဦးစီး၍ မန္တလေး အင်းဝကိုယ်ပိုင်အထက်တန်းကျောင်း (၁၃)ကြိမ်မြောက် ၏ ဝါတွင်းကာလ ၁၂ ပတ် မြောက် စုပေါင်းဘုံဆွမ်းလောင်း လှူပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၆ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ ပေါ်ရှိ အဆိုပါ ဘုရားကျောင်းရှေ့တွင် ကုသိုလ်ပြုလောင်းလှူကြသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် စကျောင်းတိုက်မှ သံဃာတော်အပေါ်း ၁၂၀၊ ချမ်းသာကြီးတောင်ကျောင်းမှ သံဃာတော်အပေါ်း၈၀၊ စုစုပေါင်းအပေါ်း ၂၀၀ တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့နှင့်အတူ အင်းဝကိုယ်ပိုင်အထက်တန်းကျောင်းတာဝန်ရှိသူများက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ ဝတ္ထုဌေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မန္တလေးနေ့စဉ်-၆)

MSME လုပ်ငန်းရှင်များနှင့် အစပျိုးစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေးအစီအစဉ် (Startup Ignite Program 2026) ကျင်းပ

MSME လုပ်ငန်းရှင်များနှင့် အစပျိုးစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေး အစီအစဉ် (Startup Ignite Program 2026) အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ မြို့တော်ခန်းမ၌ စတင်ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို စက်မှုနှင့် အသေးစား၊ အလတ်စားဦးစီးဌာနမှ စက်မှုကြီးကြပ်ရေးဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် (MYANWEN) မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။



ဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ နှင့် ၁၈ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ နှစ်ရက်ကျင်းပခဲ့ရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် (MYANWEN) ဥက္ကဋ္ဌဒေါက်တာစုလှဟန်မှ Startup Ignite Program 2026 နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး အစီအစဉ်၏ အဓိကရည်ရွယ်ချက်များနှင့် လုပ်ငန်းရှင်များအတွက် အကြံဉာဏ်မှ ဈေးကွက်သို့ (From Idea to Market) ခေါင်းစဉ်ဖြင့် ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် (MYANWEN) မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲ ပထမနေ့တွင် မြန်မာ့စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများ ကွန်ရက် (MYANWEN) ဥက္ကဋ္ဌဒေါက်တာစုလှဟန်မှ Startup Ignite Program 2026 နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး အစီအစဉ်၏ အဓိကရည်ရွယ်ချက်များနှင့် လုပ်ငန်းရှင်များအတွက် အကြံဉာဏ်မှ ဈေးကွက်သို့ (From Idea to Market) ခေါင်းစဉ်ဖြင့် AI လက်တွေ့အသုံးချသင်တန်း၊ Startup Ignite (အကြံဉာဏ်-စတင်ခြင်း-စီမံခန့်ခွဲခြင်း)၊ ငွေကြေးစီမံခန့်ခွဲမှု အခြေခံအသိပညာ၊ အခြေခံဒီဂျစ်တယ်ကူးပြောင်းရေး အသိပညာ၊ 'အောင်မြင်သော စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အတွေ့အကြုံမျှဝေခြင်း (Real Life Success Stories) 'စကားပိုင်းဆွေးနွေးခြင်းစသည့် အစီအစဉ်များကို သက်ဆိုင်ရာ ပညာရှင်များနှင့် လုပ်ငန်းရှင်များက မျှဝေဆွေးနွေးခဲ့ကြပြီး 'Startup Ignite Program 'တက်ရောက်အောင်မြင်သူများအား အသိအမှတ်ပြလက်မှတ်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်အတွင်း မန္တလေးတိုင်းတွင် မိုးထစ်ချုန်းရွာနိုင်ပြီး အပူချိန် ၃၇°C အထိ ရှိနိုင်

မန္တလေး အောက်တိုဘာ ၁၉

အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး အမြင့် ဆုံးအပူချိန် ၃၁°C မှ ၃၇°C အတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ ထုတ်ပြန်ထားသည်။

အဆို ပါ ကာလအတွင်း မန္တလေးတိုင်းဒေသကြီး၏ အနိမ့်ဆုံးအပူချိန်မှာ ၂၂°C မှ ၂၇°C အတွင်း ရှိနိုင်ပြီး လေထုစိုထိုင်းဆ ၆၈ ရာခိုင်နှုန်းမှ ၇၇ ရာခိုင်နှုန်း အတွင်း ရှိနိုင်သည်။

ထို့အပြင် ပင်လွှေရေလွှဲပုံနှုန်းမှာ တစ်ပတ်အတွင်း ၂၈ မိလီမီတာမှ ၃၇ မိလီမီတာအတွင်း ရှိနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အရှေ့ပိုင်း၊ တောင်ပိုင်းတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်မှာ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၂၄°C မှ ၃၀°C အတွင်းရှိနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အရှေ့ပိုင်း၊ တောင်ပိုင်းတို့တွင် ၂၆°C မှ ၃၁°C အတွင်း ရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်မှာ ချင်းပြည်နယ်တွင် ၁၂°C ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆°C မှ ၂၁°C အတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၂°C မှ ၂၇°C အတွင်း ရှိနိုင်သည်။

ထို့အပြင် ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် ယခုတစ်ပတ်အတွင်း လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ ခန့်မှန်းထားကြောင်း သိရသည်။

ရွှေမန်း



မန္တလေးတောင်တော်ဆီ အရောက်သွားမည်



မန္တလေးသည် မင်းတုန်းမင်းဘုရင်၊ သီပေါဘုရင်များခေတ်က နိုင်ငံ၏မြို့တော်။ ဗြိတိသျှတို့ သိမ်းပိုက်အုပ်စိုးပြီးနောက် မြို့တော်ဘဝမှလျှောကျကာ နိုင်ငံတွင် ဒုတိယအကြီးဆုံးမြို့။ မြန်မာ့အနုပညာအရပ်ရပ်တို့ စုဝေးရာဒေသဖြစ်ပြီး ယင်းအနုပညာရပ်တို့ကို လွယ်လင့်တကူ လေ့လာဆည်းပူးနိုင်သည့်ဌာနေဖြစ်သဖြင့် ယဉ်ကျေးမှုမြို့တော်။ ယနေ့ခေတ်ကာလ ကုန်သွယ်ရေးပွဲဖြိုးလာသည်တွင် မြို့၏ပထဝီအနေအထားအရ တစ်ဟုန်ထိုး တိုးတက်စည်ပင်လာသောစီးပွားရေးမြို့တော်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေညာသော ဥပဒေအမှတ် ၁၀/၉၂ အရ နိုင်ငံ၏ ဒုတိယမြို့တော်တရားဝင်ဖြစ်လာသော မန္တလေး။ သဘာဝဘေးဒဏ်များဖြစ်သော မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မြေငလျင်ပြင်းထန်စွာလှုပ်ခြင်း ဘေးဒုက္ခအမျိုးမျိုးမှ ပျံသန်းလွတ်မြောက်ခဲ့သည့် ဖီးနစ်ငှက်ဖြစ်သည်။

'မံ သီရိ၊ ဓာရေတီတိ မန္တလေး'

'မံ သီရိ၊ အသေရေကို ဓာရေတိ ဆောင်တတ်၏၊

တ္ကတိတသွာ၊ ထိုသို့ အသရေကိုဆောင်တတ်သော သတ္တိကြောင့် မန္တလေး မန္တလေးမည်၏'

မန္တလေးသည် 'မဏ္ဍလေး' မှ ပြောင်းလာ၍ 'မဏ္ဍလ'ပုဒ်မှ ဆင်းသက်လာသည်ဟူ၏။ အဓိပ္ပာယ်မှာ ပြန့်ပြူးသာယာသောနယ်မြေဟု ဆိုပါသည်။ နယ်မြေဒေသ၏ ပကတိမျက်မြင် အစစ်အမှန်အခြေအနေကလည်း သာယာပြန့်ပြူးလျက်ရှိနေတော့သည်။ ထို့ကြောင့်ပင် ရတနာပုံမန္တလေးကို ပညာရှိကင်းဝန်မင်းကြီးက 'ဤကပ်ကမ္ဘာ၊ စက္ကဝါဤတည်း၊ ကျွန်းလည်းကျွန်းသာ၊ ဗြဒ္ဓံချာဤနှန်း၊ ဤရွှေမန်းမူ၊ ဦးစွန်းတင်ထိုက်၊ မကိုင်ထွတ်ဖျား၊ ဘုရားအရိယာ၊ သာသနာခေတ်၊ တည်ရာဖြစ်ရှင့်.....။ ဟု စာဖွဲ့ခဲ့လေသည်။

မန္တလေးတောင်သည် မန္တလေးမြို့၏မြောက်ဘက်တွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၇၇၆ ပေ(မြေပြင်မှပေ ၅၀၀ ကျော်)မြင့်မားသည်။ ဂေါတမဗုဒ္ဓဘုရားရှင် ဝါဆိုစဉ်က နောက်ပါအရှင်အာနန္ဒာနှင့်အတူ ဤတောင်တော်သို့ ကြွရောက်တော်မူပြီး သာသနာနှစ် ၂၄၀၀ ပြည့်သောအခါ ဤတောင်ခြေတွင် မြို့ပြနေရာခမ်းနားစွာဖြစ်ထွန်းပေါ်ပေါက်၍ ဘာသာသာသနာစည်ကားမည်ဟု ဗျာဒိတ်ထားခဲ့၏။

သာသနာနှစ် ၂၄၀၀ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၂၈၈ ခုနှစ်တွင် ဗျာဒိတ်နှင့်အညီ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းဘုရင်သည် မန္တလေးအရပ်၌ မြို့ရာချင်းနင်း တည်ထောင်ခဲ့သည်။ မြို့တော်ကို ရတနာပုံမ၊ နန်းမြို့တော်ကို လေးကျွန်းအောင်မြေ၊ နန်းတော်ကို 'မြနန်းစံကျော်' ဟု အမည်သမုတ်တော်မူခဲ့သည်။

'ရှင့်ဘိုးတော်ရင်း၊ မင်းထက်မင်းလျှင်၊ နန်းခင်းမြေကြန့်၊ ချင့်ဝေဘန်လျက်၊ ရွေးဌာန်ခိုင်ကြဲး၊ အစဉ်ထုံးဖြင့်၊ မြို့ကျုံးစေတီ၊ သီရိလှုံမောင်း၊ သိမ်၊ ကျောင်း၊ သုဓမ္မာ၊ ရွှေစာအဖြစ်၊ ဝိဋ္ဌကတ်တိုက်၊ သမိုဂ်မြမွှန်၊ ခုနစ်ဌာန်ကို၊ ခေတ်ဘန်အောင်စည်၊ တစ်ပြိုင်တည်က' ဟု(မြပုခက်တော်တင်မင်္ဂလာဈေး)တွင် ရေးစပ်သီကုံးထားသည့် ၁။ ရွှေမြို့တော်ကြီး ၂။ ကျုံးတော် ၃။ မဟာလောကမာရဓိန်စေတီတော် ၄။ သိမ်တော် ၅။ မဟာအတုလဝေယန်ကျောင်းတော် ၆။ ဝိဋ္ဌကတ်တိုက်တော် ၇။ သုဓမ္မာဇရပ်တော် ခုနစ်ဌာနသည် မန္တလေးတောင်တော် တောင်ဘက်အခြေတွင် တင့်တယ်စွာရှိနေပါသည်။

မင်းတုန်းမင်းကြားကြီးသည် မန္တလေးတောင်ခြေတွင် ထင်ရှားစွာ ကုသိုလ်ပြုခဲ့သော ဘုရားများမှာ....

* ကျောက်တော်ကြီးဘုရား
* နန်းခြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား
* မဟာလောကမာရဓိန်စေတီ(ကုသိုလ်တော်ဘုရား)များဖြစ်ကြပါသည်။

ကျောက်တော်ကြီးဘုရား

မန္တလေးတောင်ခြေ တောင်ဘက်ဆောင်းတန်း၊ ခြေသံကြီးနှစ်ကောင်၊ တောင်ဘက်၌ ကျောက်တော်ကြီးဘုရားကို ဖူးမြော်နိုင်ပါသည်။ မတ္တရာနယ် စကျင်တောင်မှ သယ်ယူလာသော စကျင်ကျောက်တုံးကြီးကို ဆစ်ထွင်းထားသော ကျောက်တော်ကြီးဘုရားသည် မင်းတုန်းမင်းကြားကြီး၏ ကောင်းမှုဘုရားဖြစ်သည်။ ၁၂၆ခုနှစ်၊ ဝါခေါင်လတွင် စကျင်တောင်မှ ရုပ်ပွားသဏ္ဌာန်အကြမ်း ချောထုဆစ်လောင်း၍ ဧရာဝတီမြစ်ကြောင်းအတိုင်း နှစ်ဆင်းတွဲ သမ္ဗန်ပေါ်တင်ကာ အိမ်ရှေ့စံ ကနောင်မင်းသားမှ ဦးဆောင်လျက် ပွဲလမ်းသဘင် အတီး၊ အမှတ်၊ အက၊ အခုန်တို့ဖြင့် စုန်ဆင်းလာခဲ့ရသည်။ မန္တလေးအနောက်ပြင် အီကင်းရွာဆိပ်ကမ်းမှ ကြိုဆိုရသည်။ သုဓမ္မာဇရပ်များ (မန္တလေးတောင်ခြေ)အထိ ရောက်ရှိရန် ယခုအမှုထမ်း လူအင်အား ၁၀၀၀၀ ကျော်ဖြင့် ပင့်ဆောင်ရသည်။ အချောသတ် ထုဆစ်ပြီးသော် မင်းတုန်းမင်းကြားကြီးကိုယ်တိုင် မျက်နှာတော်ဖွင့်ခဲ့ပြီး 'မဟာသကျမာရဓိန်'ရုပ်ပွားတော်ကြီးအဖြစ် ကိုးကွယ်ဆည်းကပ်ခဲ့သည်။

နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား

ကျောက်တော်ကြီးဘုရား အရှေ့ဘက်တွင်ရှိသည်။ ကျောက်တော်ကြီး အရှေ့မုခ်မှ ထွက်ပြီး လမ်းကူးပြီးလျှင် စန္ဒာမုနိအနောက်စောင်းတန်းအတိုင်း ဝင်ရောက်ဖူးမြော်နိုင်ပါသည်။ စန္ဒာမုနိဘုရားရုပ်ပွားတော်မှာ ကျောက်တော်ကြီးကဲ့သို့ အရှေ့ဘက်မျက်နှာပြုသည်။ အုတ်ပြာသာဒ်နှင့် တံတိုင်းနှစ်ထပ်ရှိသည်။ အမရပူရခုနစ်စံ ဘိုးတော်ဘုရားမင်းက သွန်းလုပ်ပူဇော်ခဲ့သည့် ရုပ်ပွားတော်မြတ်ဖြစ်သည်။ ၁၂၂၉ ခုနှစ်တွင် မန္တလေးသို့ ပင့်ဆောင်၍ မင်းတုန်းမင်းသည် ယာယီစံမြန်းတော်မူရာ နန်းမြေဘုံသာ၌ ထားရှိကိုးကွယ်ခြင်းဖြစ်၏။

ကုသိုလ်တော်ဘုရား

စန္ဒာမုနိဘုရား အရှေ့မုခ်မှ ထွက်လိုက်လျှင် အရှေ့ဘက်၌ ကုသိုလ်တော်ဘုရားကို ရွှေသင်္ကန်းလုံးတော်ပြည့် ကျောက်စာလုအစီအရီဖြင့် ကြည်ညိုဖွယ်ဖူးမြော်နိုင်ပါသည်။ မဟာရံတံတိုင်းအတွင်းမှ အံ့ဖွယ်ရာဖြစ်သော ပဋ္ဌကတ်ကျောက်စာတော်ပေါင်း ၇၂၉ ဆူကို သီဟိုဠ်စွယ်တော်ကြွတ်ပုံ အုတ်ဂူပြာသာဒ်တစ်ခုစီဖြင့် တည်ဆောက်ပူဇော်ထားရှိခဲ့ပါသည်။ ကမ္ဘာ့အထူးဆုံး စာအုပ်ကြီးဟူ၍ ဂုဏ်ယူဖွယ် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ခွဲ ယူနက်စကို၏ ဒြပ်ရှိ အမွေအနှစ်စာရင်းဝင်ဖြစ်ပါသည်။

မကြာမီကာလတွင် ဝါလကင်းလွတ် သီတင်းကျွတ်တော့မည်ဖြစ်ပါသည်။ သာသနာ့ချက်ဇွေ ရွှေမန်းမြေ ယဉ်ကျေးမှုမြို့တော် မန္တလေးမှာ ဗုဒ္ဓပူဇနီယပွဲတော်များ၊ ကထိန်လှူသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ၊ ရဟန်းခံရှင်ပြုနှားသအလှူတော်များ၊ လက်ထပ်ထိမ်းမြားမင်္ဂလာဆည်းခံပွဲများ၊ အာစရိယပူဇော်ကန်တော့ပွဲများ၊ သင်္ကြန်မိဘပူဇော်ကန်တော့ပွဲများ စသည်ဖြင့် ကျင်းပကြတော့မည်။

သီတင်းကျွတ်၊ တန်ဆောင်မုန်းကာလတွင် တောင်သူလယ်သမားများသည် ရိပ်သိမ်းခြွေလှုံကြပြီး စပါးများကို ကျီရှိုင်ပုတ် စသဖြင့် စပါး အနည်း၊ အများအလိုက် သိုလှောင်သိမ်းဆည်းကြတော့မည်။ နှင်းငွေ့များနှင့်အတူ ရောက်ရှိလာသော ပွင့်လင်းရာသီ မိုးအကုန် ဆောင်းအကူးတွင် ပွဲလမ်းသဘင်တွေ ကျင်းပကြသည်မှာ မြန်မာတို့၏ ရိုးရာလေ့ပင် ဖြစ်ပါသည်။

အတိတ်၊ ပစ္စုပ္ပန်၌ ခမ်းနားထည်ဝါသော မန္တလေးတောင်ခြေတွင် သီတင်းကျွတ်လရောက်လျှင် ကျောက်တော်ကြီး၊ စန္ဒာမုနိ၊ ကုသိုလ်တော် ဘုရားသုံးဆူ၏ ဘုရားပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပပါသည်။ သီတင်းကျွတ်လဆန်းမှ လပြည့်ကျော်အထိ ဆွမ်းကြီးလောင်းပွဲများ၊ အငြိမ့်ပွဲများ၊ ဇာတ်ပွဲများဖြင့် အလွန်ပင် စည်ကားပါသည်။ ပွဲစျေးတန်းကို တစ်မျှော်တစ်ခေါ် လျှောက်ကြရပါသည်။ မန်းမြို့သူ ပျိုဖြူချောတို့၏ လူသုံး၊ အိမ်သုံးပစ္စည်း အရောင်းဆိုင်များတွင် စျေးဝယ်သူများဖြင့် စည်ကားနေသည်ကို တွေ့မြင်ရပါသည်။

ပျော်တတ် နောက်တတ်သူ လူငယ်၊ လူရွယ်အချို့သည် ထိုးမုန့်ဆိုင်ထဲဝင်ပြီး ဝယ်မလိုလိုနှင့် အမြည်းကျွေးတာစားကြသည်။ ခဲလံချောင်းသည် ပါးကွက်ဝိုင်းလေးကို ပြိတိတိလုပ်လို့လုပ်၊ အထည်ဆိုင်ဝင် ဟိုဟာကိုင် ပြန်ချ၊ ဒီဟာကိုင် ပြန်ထား၊ စျေးသည်လေးခင်ဗျာ ရောင်းရမလား မျှော်လင့်ချက်နှင့် စိတ်ရှည်လက်ရှည် ရောင်းကြရပေသည်။

'ကျောက်တော်ကြီးဘုရားပွဲ'ဟူသည် သီတင်းကျွတ်ပွဲတော် မန္တလေးတောင်ခြေသည် အထူးထင်ရှားပါသည်။ အညာအရပ်မှလူသုံး၊ အိမ်သုံးပစ္စည်းအမျိုးမျိုးသည် ဇရာဝတီမြစ် ရေလမ်းခရီး၊ မိုးကုတ်-မန္တလေး၊ မြစ်ကြီးနား-မန္တလေး၊ မူဆယ်-မန္တလေး၊ တောင်ကြီး-မန္တလေး၊ တမူး-မန္တလေး၊ ရန်ကုန်-မန္တလေး စသည့် ကုန်းလမ်းခရီး နေရာစုံမှ ရောက်ရှိကာ ရောင်းဝယ်ဖောက်ကားစည်ကားသိုက်မြိုက်လှပါသည်။ ဇာတိသွေး၊ ဇာတိမာန်၊ ဇာတိပုည ဂုဏ်မာနကြီးမားကြောင်း လေ့လာသိရှိရပါသည်။ ၁၃၈၈ ခုနှစ် ကျောက်တော်ကြီးပွဲအတွက် ဆိုင်ခန်းများ စတင်ခင်းနေပြီဖြစ်သည်။ 'ကျောက်တော်ကြီး၊ စန္ဒာမုနိ၊ ကုသိုလ်တော်'တို့သည် သီတင်းကျွတ်ပွဲတော်၏ ဘုရား ဂေါစဂါမ်နယ် ဖြစ်သည်။ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်း၊ ကျဲရေကုန်း၊ ဇီးချိုကုန်း၊ သစ်ချိုကုန်း၊ မိုင်ကုန်း၊ ကြည်ကုန်း၊ ရှင်တော်ကုန်းရွာများတွင် ဆွမ်းကြီးလောင်းလှူရန်ကိစ္စများကို လှူကြီးများသည် စီစဉ်လျက်ရှိနေပြီးဖြစ်ကြသည်။ လူရွယ်၊ လူငယ်အချို့မှာ စင်တင်ကပြမည့် 'မြို့ရွှေမန်းသား ဖိုးချစ်'ဇာတ်သဘင်ပွဲကြည့်ရန် အားခဲလျက်ရှိနေကြလေပြီ။

မန္တလေးကို ချစ်သော ဤစာရေးသူသည် နန်းတော်ရှေ့စာပေဝိုင်းမှ (စာပေတင်းကုပ်)မှတစ်ဆင့် ကျောက်တော်ကြီးဘုရားပွဲ မန္တလေးတောင်ခြေသို့ သွားရောက်ဆင်နွှဲကာ စျေးတန်းလျှောက်ကြည့်ခဲ့ပါသည်။ သင်ဖြူးဖျာတန်းတွင် အေးဆေးစွာထိုင်၍ ဝယ်ယူမေးမြန်းနေစဉ် ကြည်လင်သော အဆိုတော် မစိမ်းဝိမ်း၏ ထေးသီချင်းကို ချိုလွင်စွာ ကြားရပါတော့သည်။

'ရွှေမန်းဆီသို့ တစ်ခါတစ်ခေါက်ဖြင့် ရောက်စေချင်သည်၊ ကျုံးတော်ပတ်လည် ပြမြို့ရိုး ×××××

ထိုမှဆီ တစ်ထောက်နားလို့ ×××× မန္တလေးတောင်တော်ဆီ ×××× အရောက်သွားမည် ×××× မြင်ကွင်းကျယ်ကျယ် ×××× ပတ်ဝန်းကျင်နယ် ×××× လှမ်းလို့ရှုရမည်' ×××××။ ။

စာကိုး။ ။ ယနေ့မန္တလေး(နတ်မောက်ထွန်းရှိန်)
မျက်မြင်ကိုယ်တွေ့

နွေးထွေး(ပုသိမ်ကြီး)

ဒိုင်အိုစီဇင်သံတဲကျောင်း(အ-ထ-က-၁၀)(၃၈)ကြိမ်မြောက်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းဆွေးနွေး

မန္တလေး အောက်တိုဘာ ၁၉

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၂လမ်းရှိ ရွှေဟောင်းသမိုင်းဝင် ဒိုင်အိုစီဇင်တော်ဝင် သံတဲအထက်တန်းကျောင်း(အ-ထ-က-၁၀)၏ (၃၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၈ ရက်နံနက် ၁၀ နာရီက အမှတ်(၁၀) အ-ထ-က စာကြည့်တိုက်ခန်းမတွင်ကျင်းပရာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေးကြွယ်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဒေါက်တာဝင်းအောင်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာစရိယပူဇော်ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော ကျောင်းသားဟောင်းများက အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အကြံပြု ဆွေးနွေးကြသည်။

ဒိုင်အိုစီဇင်သံတဲအထက်တန်းကျောင်း (၃၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၂၇ ခုနှစ်၊ ဧနံနဝါရီ ၁၆ ရက်၊ စနေနေ့နံနက် ၈ နာရီတွင် အ-ထ-က (၁၀) စာကြည့်တိုက်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၄၅)**



အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

ကလော အောက်တိုဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့တို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲ ၂ နာရီက အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပခဲ့သည်။



ရှေ့ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်မိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခွန်အောကာထွန်းက လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဒုတိယမြို့နယ်ပညာရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးကြွယ်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးအောင်ကို၊ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲအုပ်ကျော်ဆန်းတို့ဦးဆောင်၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်လူကုန်ကူးမှု၊ လူငယ်နှင့်အားကစား ခေါင်းစဉ်တို့ဖြင့် အသီးသီး ဆွေးနွေးခဲ့ကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်၀ဲပုံ)**

မြို့နယ်(ပြန်/ဆက်)

သင့်အသက်အန္တရာယ် ကာကွယ်ရန်အတွက်
ဆိုင်ကယ်စီးလျှင်
ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုး
သေချာစွာ တပ်ပါ။



စာဖတ်ရှိန်မြှင့်တင်ရေး စာချစ်သူများ စာဖတ်ဝိုင်းကျင်းပ

မိုင်းကိုင် အောက်တိုဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းတစ်ရပ်အဖြစ် စာရေးသူ ဒေါက်တာ ဖေမြင့် ရေးသားသော 'ဘဝတိုးတက်ဖို့အတွက်စာဖတ်ခြင်း' စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ကျင်းပရာ ပြည်သူ့စာကြည့်တိုက်၏ Book Club, Youth Club, Women Club အဖွဲ့ဝင်များနှင့် စာချစ်သူများ တက်ရောက်သည်။

ရှေ့ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းလှိုင်လှိုင်ဦးက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း၍ စာအုပ်ပါ 'စာဟူသည် ကတိတို့၏ ပစ္စည်းကဝေတို့၏ မာယာ' ခေါင်းစဉ်ဖြင့် စတင်ဆွေးနွေးပြီး စာချစ်သူများဖြစ်ကြသော ဒေါ်တင်တင်မိုး၊ ဒေါ်နန်းလုံ၊ ဒေါ်ခင်ညွန့်ရီ၊ ဒေါ်နန်းမိုဦးတို့က 'စာဖတ်ခြင်းကြောင့် ဘာအကျိုးထူးတွေခံစားရနိုင်သလဲ'၊ 'ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း'၊ 'စာဖတ်သမား ရဖဲ့'၊ 'ခေတ်အဆက်ဆက်ကမ္ဘာကို လွှမ်းမိုးခဲ့သော စာအုပ်များ' စသည့် ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးကြရာ တက်ရောက်လာသူများက စာအုပ်ပါအကြောင်း အရာများကို အပြန်အလှန် ဆွေးနွေး၍ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကို ကျင်းပခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ စီစဉ်တင်ဆက်သော 'နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲ ပြခန်းကို ဖွင့်လှစ်ပြသရာ တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

o-o-o-o-o-o-o-o



ပတ်စရာ၊ မှတ်စရာ
စုံလင်
ဗဟိုဌာနသတင်းစာ

မျှော်နေ့

* မွေးနေ့ဆိုတာကို...
ဘယ်လို..သီအိုရီ ဘယ်လိုရသတွေနဲ့
တွေးမြင်ခံစား... မွေးနေ့ပွဲများ ကျင်းပ
ဒဿနဘယ်လို...ဖွင့်ဆိုကြပါလိမ့်...။

* ကိုယ့်အတွက်မှာတော့
မွေးနေ့ဆိုတာဟာ...
ကိုယ့်အတွက်သာမဟုတ်...။

* ကိုယ့်ကို မွေးတဲ့နေ့က
ဆံစ..ခြေဖျား..ဝေဒနာတွေ ခံစားပြီး
ရင်သွေးသားအတွက်...အသက်ကို ပဓာနမထား
ခွန်အားတွေ..တစ်ပွေ့တစ်ပိုက်နဲ့
မွေးဖွားပေးလိုက်တဲ့...ကိုယ့်ရဲ့..."ချစ်မေမေ"..။

* ကိုယ့်ကိုမွေးတဲ့နေ့က...
ဆံစ..ခြေဖျား..ပီတိများနဲ့
သမီးလေးလား..သားလေးလားလို့
ခံစားရင်ခုန်...ကြည်နူးပုံက
အမှုန့် ဝိုအိုလက်...ဂရိုက်မစ်ချာ
သကာပျားရည်...အလေးထားဝယ်နေ
ကိုယ့်ရဲ့..."ချစ်ဖေဖေ"...။

* ဒီလို...ဒီလို...မွေးမေရဲ့ ဂုဏ်ကျေးဇူး..
ဒီလို...ဒီလို...ကျွေးဖေရဲ့ ဂုဏ်ကျေးဇူး
ကြည်နူးတွေးထပ်...ဒါနမြတ်နဲ့
ကျေးဇူးအကြွေး...ပြန်ပေးဆပ်တဲ့
အသည်းမှာရေးမှတ်... မမေ့အပ်တဲ့...
နေထူးနေမြတ်...။ ။

ခင်ဆွေလှိုင်(ပန်းချီ)

(၂၈)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ကျင်းပ



တောင်တွင်းကြီး အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် သာသနာ့လမင်းဆွမ်းလောင်းအသင်းကြီး၏ (၂၈)နှစ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် အဋ္ဌမအကြိမ် ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့ ပွန်းလွဲ ၁ နာရီက သာသနာ့ဗိမာန်ခန်းမ၌ ကျင်းပခဲ့သည်။

ရွေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃနာယကအဖွဲ့၊ မဟာသဒ္ဓမ္မဓောတိကဓဇ၊ သာယာအေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ထံမှ သီလခံယူဆောက်တည်ကြပြီး တိုင်းအကျိုးတော်ဆောင် ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဓောတိကဓဇ၊ ဂုက်ပစ်တောင်ကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော်ထံမှ သြဝါဒကထာနာယူခဲ့ကာ နဝကမ္မ ဝတ္ထုဌေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက သာသနာရေးဆိုင်ရာ လျှောက်ထားခဲ့ပြီး သာသနာ့လမင်း အသင်းကြီး၏ အစီရင်ခံစာကို အသင်းကြီး ဒုဥက္ကဋ္ဌက ရှင်းလင်းတင်ပြခြင်း၊ စာရင်းစစ်အဖွဲ့ အစီရင်ခံစာကို စာရင်းစစ်အဖွဲ့ ခေါင်းဆောင်က ဖတ်ကြားလျှောက်ထားတင်ပြပြီး အသင်းကြီး၏ အဋ္ဌမ လေးနှစ် သက်တမ်းကာလတွင် တာဝန်ယူဆောင်ရွက်ကြမည့် အဖွဲ့အသီးသီး ရွေးချယ်လျှောထားဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြလျှောက်ထားပြီး အသင်းကြီး၏ ဥက္ကဋ္ဌသစ် ဦးညွှန့်စိန်က ကျေးဇူးတင်စကား ပြောကြားကာ အသင်းကြီး၏ နာယကဆရာကြီး ဦးစံသိန်းက နိဂုံးချုပ်စကားပြောကြားခဲ့ပြီး တိုင်းအကျိုးတော်ဆောင် ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာ နာယူခဲ့ကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းခြင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ)
(ကဆ)

--*-*-*-*-*



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့နေ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆောက်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ သီဟသုခမွမဏိဓောတရ ဦးသန့်စင်+သုခမွသီဂီ ဒေါ်သန်းသန်းအေး၏ (၆၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် TS မော်တော်ယာဉ် ထုတ်လုပ်ရေးမှ တစ်နေ့တာဆွမ်း ငွေကျပ် ၁၀ သိန်းကို လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ဥက္ကဋ္ဌ သုခမွမဏိဓောတရ ဦးစိုးလင်း၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီအဖွဲ့ဝင် သုခမွမဏိဓောတရ ဒေါက်တာဦးဝင်းဆွေဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကြစဉ်။ (ကဆ)

သံဃာ့စုံညီအစည်းအဝေးနှင့် ပထမအကြိမ်မြောက် စာအောင်ဆုနှင်းသဘင် ကျင်းပ

မန္တလေး အောက်တိုဘာ ၁၉

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မြင်းဝန်မင်းကြီးတိုက်၊ ဥယျာဉ်ကျောင်းတွင် ကန့်ဘလူမြို့နယ်အသင်း (မန္တလေး)၏ (၁၀)ကြိမ်မြောက် နှစ်ပတ်လည် သံဃာ့စုံညီ အစည်းအဝေးနှင့် ပထမအကြိမ်မြောက် စာအောင်ဆုနှင်းသဘင်အခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ရွေးဦးစွာ သြဝါဒါစရိယ သက်တော်ရှည် ဗုဒ္ဓသာသနာပြုဆရာတော်ကြီးများ ကြွရောက်တော်မူရာ ကန့်ဘလူမြို့နယ် အသင်း(မန္တလေး) အသင်းဝင် သံဃာတော်များ၊ စာအောင် သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၊ နေ့ဆွမ်းကုသိုလ်ရှင်များက တက်ရောက်ကြည်ညိုပြီး မန္တလေးမြို့ခရိုင်သာသနာရေးဦးစီးဌာနမှ ဦးမင်းမင်းခိုင်က အခမ်းအနား အစီအစဉ်များကို လျှောက်ထားပြီး အခမ်းအနားကို ဘုရားကန်တော့ဖွင့်လှစ်ခဲ့ကြသည်။

ထို့နောက် သြဝါဒါစရိယ ဗုဒ္ဓသာသနာပြုဆရာတော်များအား ရှိခိုးပူဇော်ကန်တော့ကြသည်။ မြင်းဝန်မင်းကြီးတိုက်၊ ဥယျာဉ်ကျောင်း ဦးစီးပဓာန နာယက ကန့်ဘလူမြို့နယ်အသင်း(မန္တလေး)၏ ဥက္ကဋ္ဌ ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တကေသရာစာရက သြဝါဒကထာနှင့် ငါးပါးသီလချီးမြှင့်တော်မူပြီးနောက် ဆရာတော်ကြီးများအား သက်နံ့။ လူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုဌေ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ သီတာအေးကျောင်း ပဓာန နာယက ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ ဆရာတော်ကြီးမှ ဦးဆောင်၍ ဆရာတော်ကြီးများ၊ ဒေသခံ သံဃာတော်များ၊ ဒါယကာ ဒါယိကာများ၊ ဧည့်သည်တော်များ စုစုပေါင်း ၁၀၀ ကျော်ခန့် ပါဝင်သော ဆွမ်းကပ်ဒါန ပြုလုပ်ခဲ့ကြသည်။

ဆွမ်းကပ်ဒါနပြီးဆုံးသည့်နောက် ဆရာတော်ကြီးများ ကြွရောက်တော်မူရာ ကန့်ဘလူမြို့နယ်အသင်း(မန္တလေး)၏ ဥက္ကဋ္ဌ ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တကေသရာစာရက သြဝါဒကထာနှင့် ငါးပါးသီလချီးမြှင့်တော်မူပြီးနောက် ဆရာတော်ကြီးများအား သက်နံ့။ လူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုဌေ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ကျင်းပရာ အဘိဝံသဘွဲ့ရ သံဃာတော် နှစ်ပါး၊ မဟာစရိယဘွဲ့ရသံဃာတော် သုံးပါး၊ ပထမငယ် သုံးပါး၊ ပထမလတ် လေးပါး၊ ပထမကြီး နှစ်ပါး၊ အခြေပြုမူလတန်း ၁၇ ပါး တို့အား သက်နံ့။ လူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုဌေတို့ကို အသီးသီး ဆက်ကပ်လှူဒါန်းခဲ့သည်။ ကန့်ဘလူမြို့နယ်အသင်း(မန္တလေး) ဥက္ကဋ္ဌ ဥယျာဉ်ကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတတို့အား ဦးထိပ်ထား၍ အမရပူရမြို့နယ် ဦးမောင်မောင်ဦး+ဒေါ်ထူးထူးအောင်(မြတ်ခိုင် သောက်ရေသန့်)မိသားစုတို့က ဆွမ်း၊ ဟင်းလျာနှင့် ရေခဲမုန့်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ကဆ)

မျက်စိလျှကြမျက်ကြည်ရမြတ်သည့် လျှဒါန ။



(၂၆၅)ကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူ

မန္တလေး အောက်တိုဘာ ၁၉

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ ရုံးရှေ့၌ ယနေ့ နံနက် ၅ နာရီက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲ(၃) တပ်ခွဲမှူး ဇော်ဝင်းအောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ ပူးပေါင်း၍ (၂၆၅)ကြိမ်မြောက် ရဟန်းသံဃာအပေါင်း ၁၂၀ အား ဆွမ်း၊ ကြက်သား အာလူးချက်၊ ကုလားပဲချက်၊ ငါးလေးခြောက်ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ်၊ အကြော် စသည့် ဆွမ်းနှင့် ဆွမ်းဟင်းများကို လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ)
(ကဆ)



သတ္တမအကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူပွဲ ကျင်းပ

ပင်းတယ အောက်တိုဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခေတုမြို့နယ်မန္တာရုံကြီး၏ ဆွမ်းလောင်းလှူရန်ဌာနခွဲ သီတင်းကျွတ်လဆန်း ၇ ရက် နံနက်အရုဏ်တက်ချိန်တွင် မြို့ပေါ် ဘုန်းတော်ကြီးကျောင်းတိုက် ၂၀ ကျောင်းမှ သံဃာတော် ၄၁၅ ပါး၊ သီလရှင် ၅၃ ပါးအား အရုဏ်ဆွမ်း လောင်းလှူခဲ့ကြသည်။

ထိုသို့ လောင်းလှူရာတွင် ဆွမ်းလောင်းအသင်း နာယက ဦးကျော်သူရ+ဒေါ်သန်းသန်းဌေး၊ (သမီး)မသဲတုန်၊ မသဲပုန် မိသားစုတို့၏ လှူဒါန်းမှုဖြင့် ဆွမ်း၊ ပဲကုလားဟင်း၊ ငါးခြောက်ချက်၊ နှမ်းဖတ်ချဉ်သုပ်၊ အာလူးကြော် တို့ကို သံဃာတော်နှင့် သီလရှင်များအား လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ)
(ကဆ)

သံဃာတော်များအား UID ကတ်များ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၉

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်းရှိ သံဃာတော်များအား Biometric ကောက်ယူ၍ UID ကတ်များ ထုတ်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာ၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန လယ်ဝေးမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော် မင်းနှင့် ဝန်ထမ်းများက လယ်ဝေးမြို့၊ မြို့ပေါ်နှင့်ရပ်ကွက်အသီးသီးရှိ ဘုန်းကြီးကျောင်းများမှ သံဃာတော်များ၊သီလရှင်များအား အခြေပြုစုရုံများ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် သာဝတ္ထိ၊ အင်းသာ(မြောက်)ကျောင်းတိုက်အား အခြေပြု၍ ကျောင်းတိုက်ပေါင်း ၅၀ မှ သံဃာအပေါင်း ၁၄၀ ကျော်အား Biometric ကောက်ယူပြီး UID ကတ်များ ထုတ်ယူဆက်ကပ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

--*-*-*-*-*-*-*-*-*-*-*



အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြော

မိတ္ထီလာ အောက်တိုဘာ ၁၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက မင်းရွာကျေးရွာနှင့် ကျောင်းရွာကျေးရွာတို့၌ ကျင်းပရာ မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများမှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများ ဖြစ်ပေါ်လာနိုင်သည့် အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး၊ ရေကို ကြိုတင်စုဆောင်းထားရှိရန်နှင့် ရေကိုစနစ်တကျသုံးစွဲကြရန် ရှင်းလင်းပြောကြားသည်။

မိတ္ထီလာမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကို ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဌာနဆိုင်ရာ အဖွဲ့အစည်းများသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ပြောကြားပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) ဆက်လူ

ကျွန်းလှမြို့နယ်၌ ဆောင်းနေကြာ ဧက ၉၆၀ လျာထား စိုက်ပျိုးမည်

ကျွန်းလှ အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နေကြာ၊ နှမ်း၊ ပန်းနှမ်း၊ မုန်ညင်းစေ့ သီးနှံများ စိုက်ပျိုးမည်ဖြစ်ရာ နေကြာဧက ၉၆၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အောက်ပုံ)**

'ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာဧက ၉၆၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ နေကြာကို ဆောင်းရာသီမှာ အဓိကစိုက်ပျိုးကြပြီး အရင်နှစ်က ဧက ၁၂၃၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နေကြာကို ယာမြေများမှာ သီးသန့်စိုက်ပျိုးကြသလို လယ်ရိတ်သိမ်းပြီး သီးထပ်လည်း စိုက်ပျိုးကြပါတယ်'ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

နေကြာစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကျွန်းလှမြို့နယ်တွင် နေကြာသီးနှံကို ဒေသရာသီဥတုနှင့် ကိုက်ညီသည့် ဆင်းရွှေကြာ-၂၊ ရေဆင်း-၁နှင့် ဒေသမျိုးများ စိုက်ပျိုးကြကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိပါက ဒေသတွင်း စားသုံးဆီမှုလုံပြီး မိသားစုဝင်ငွေတိုးပွားရုံသာမက ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးကြောင်း သိရသည်။

(၄၈၀)

ကျောက်ဆည်ပြည်သူ့ဆေးရုံကြီး၌ နလုံးရောဂါအန္တရာယ်အကဲဖြတ်စနစ် စီမံချက်ဖြင့် နလုံးကျန်းမာရေးစစ်ဆေးပေး

ကျောက်ဆည် အောက်တိုဘာ ၁၉

ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် နလုံးရောဂါအန္တရာယ် အကဲဖြတ်စနစ် စီမံချက်အရ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဆောင်ရွက်နေသည့် နလုံးကျန်းမာရေးစစ်ဆေးပေးခြင်း ၂၄နာရီ Vest AI ECG ဝတ်စုံဝတ်ဆင်ပေးခြင်းကို ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ယမန်နေ့ နံနက်ပိုင်းက မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး ဦးဆောင်သော အဖွဲ့ဝင် ၁၀ ဦးဖြင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသတွင်းနေ အသက် (၄၅) နှစ်အထက် ပြည်သူလူထုများနှင့် နလုံးရောဂါဖြစ်နိုင်ခြေရှိသူများ စုစုပေါင်း ၃၇၃ ဦးကို ဆောင်ရွက်ပေးခဲ့သည်။

AI ECG ဝတ်စုံ ဝတ်ဆင်ပေးခြင်းကို မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မိရိုးနှင့်အဖွဲ့၊ ကျောက်ဆည်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇင်ဇင်သန်းဝေ ဦးဆောင်သောအဖွဲ့မှ လိုအပ်သည်များကိုကူညီဆောင်ရွက်ပေးခဲ့ပြီး ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင် ဦးဆောင်သောအဖွဲ့မှ လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့သည်။

AI ECG ဝတ်စုံ ဝတ်ဆင်ပေးခြင်းဖြင့် နလုံးရောဂါတွေ့ရှိသူများကို မန္တလေးပြည်သူ့ဆေးရုံကြီး၊ နလုံးရောဂါကုဌာနမှ အထူးကု ဆရာဝန်ကြီးများမှ ဆက်သွယ်၍ ကုသမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (၄၈၅)



အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း(မန္တလေး) အလုပ်အမှုဆောင်သစ်များ ရွေးချယ်

မန္တလေး အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး အထည်အလိပ်လုပ်ငန်းရှင်များအသင်း၏ လုပ်ငန်းစဉ်များကို ပိုမိုတိုးတက်ကောင်းမွန်စွာဆောင်ရွက်နိုင်ရန်နှင့် အသင်း၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများအရ ၂၀၂၆-၂၀၃၁ သက်တမ်းအတွက် အလုပ်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံရွှေလွန်းပျံခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးကျော်ဇင်လတ်က အလုပ်အမှုဆောင်ရွေးကောက်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း MRCCI ဥက္ကဋ္ဌဦးတင်လတ်က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ လက်ရှိအလုပ်အမှုဆောင်အဖွဲ့အား ဖျက်သိမ်း၍ ရွေးကောက်ပွဲကျင်းပခြင်းများ ပြုလုပ်ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က ရွေးချယ်ခြင်းခံရသော ကော်မတီစာရင်းအား အတည်ပြုဖတ်ကြားကာ ရွေးချယ်တင်မြှောက်ခြင်းခံရသော ဥက္ကဋ္ဌဒေါ်မြင့်မြင့်သန်းက ကျေးဇူးတင်စကား ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း၂၀၂၆-၂၀၃၁ ခုနှစ် အမှုဆောင်သစ်များအဖြစ် ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်း၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးထွန်းလင်းအောင်၊ ဒုတိယဥက္ကဋ္ဌ(၂)ဒေါက်တာကျော်ရဲလင်း၊ ဒုတိယဥက္ကဋ္ဌ(၃)ဦးမြအောင်သိန်း၊ အတွေထွေအတွင်းရေးမှူးဦးနေဝင်းအောင်၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးမင်းထိုက်၊ တွဲဖက်အတွင်းရေးမှူး (၂) ဦးကျော်ဇင်ဝင်း၊ တွဲဖက်အတွင်းရေးမှူး (၃)ဦးချစ်စိုး၊ ဘဏ္ဍာရေးမှူး ဒေါ်နုင်းရွှေစင်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁) ဦးမင်းဆွေ၊ တွဲဖက်ဘဏ္ဍာရေးမှူး(၂) ဦးအောင်သူရကို၊ စာရင်းစစ်ဒေါ်ခင်စန်းဦး၊ တွဲဖက်စာရင်းစစ် ဒေါ်ယုနန္ဒာတို့နှင့် အလုပ်အမှုဆောင် ခုနစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) (၀၇၀)



o-o-o-o-o-o-o-o

မန္တလေးတိုင်းဒေသကြီးအတွင်း ဆန်စက်ရှေးနှုန်းများ တည်ငြိမ်ရေး ရောတီပေါ်ဆန်းဆန်များ အထူးနှုန်းပြင့် ရောင်းချ

မန္တလေး အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီးအတွင်း ဆန်စက်ရှေးနှုန်းများ တည်ငြိမ်စေရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လမ်းညွှန်ချက်နှင့်အညီ မန္တလေးဆန်ကုန်သည်များအသင်းက အောက်တိုဘာလလယ်မှစ၍ ဧရာဝတီပေါ်ဆန်း ခြောက်ပြည်တစ်အိတ် လျှင် ၎၅၀၀ဖြင့် လည်းကောင်း၊ ၂၄ ပြည်တစ်အိတ်လျှင် ၎၆၂၀၀၀ ဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိရာ စားသုံးရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ စက်ရုံ၊ အလုပ်ရုံများမှ ဝန်ထမ်းများ စုပေါင်း၍ ဝယ်ယူနိုင်သည်။

ဧရာဝတီပေါ်ဆန်း ဆန်များဝယ်ယူလိုပါက မန္တလေးတိုင်းဒေသကြီး ဆန်ကုန်သည်များအသင်းရုံးစဉ့်လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်ဖုန်း ၀၉-၇၉၀၇၄၈၃၄၅၅၊ ၀၉-၉၅၀၁၅၈၉၉၄သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

(အောက်ပုံ) (၀၄၅)





ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီး၀ါ)လုံး၀ဖြတ် မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်၏ ပဲမျိုးစုံထုတ်လုပ်မှုတိုးတက်ရေးနှင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြှင့်တင်ခြင်းဖြင့် ဈေးကွက်ဝေစု ပိုမိုရရှိနိုင်မည့် အလားအလာများဆိုင်ရာ စာတမ်းကောက်နုတ်ချက်

မြန်မာ့ပဲမျိုးစုံ ထုတ်လုပ်မှုတိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် အဓိက ကဏ္ဍသုံးခု၏ ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ

မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် ပဲမျိုးစုံထုတ်လုပ်မှုသည် အမျိုးသားစီးပွားရေးနှင့် ပို့ကုန်ကဏ္ဍအတွက် အရေးပါသော မောင်းနှင်အားတစ်ခု ဖြစ်ပါသည်။ ပဲမျိုးစုံ၏ ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးကို စာချုပ်ပါစံချိန်စံညွှန်းများအတိုင်း မြှင့်တင်နိုင်ရန်အတွက် တောင်သူလယ်သမားများ၊ နိုင်ငံတော်အစိုးရနှင့် ကုန်သည်/ပို့ကုန်လုပ်ငန်းရှင်များ ဟူသော အဓိကမဟာမိတ်ဝိုင်းသုံးခု အပြန်အလှန်ချိတ်ဆက်၍ ဟန်ချက်ညီညီ ဆောင်ရွက်ရန် အလွန်မဝင်လိုအပ်လှပါသည်။

၁။ တောင်သူလယ်သမားများ၏ အရည်အသွေးမြင့်၊ ထွက်နှုန်းမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍ

ကုန်ထုတ်လုပ်မှု၏ ပင်မအသက်သွေးကြောဖြစ်သော တောင်သူများသည် အစဉ်အလာစိုက်ပျိုးနည်းစနစ်များမှ ခေတ်မီနည်းပညာ အခြေပြု စိုက်ပျိုးရေးသို့ပြောင်းလဲရန် လိုအပ်ပါသည်။ ဒေသရေမြေနှင့် ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်သည့် အသီအမှတ်ပြု မျိုးကောင်းမျိုးသန့်များကိုအခြေခံ၍ စိုက်ပျိုးရပါမည်။

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)ကို စနစ်တကျ ကျင့်သုံးခြင်းဖြင့် ဓာတုဓာတ်ကြွင်းကျန်မှုကင်းစင်သော ပဲများကို ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် စက်မှုလယ်ယာစနစ်သို့ကူးပြောင်းကာ ခေတ်မီစက်ကိရိယာများသုံးစွဲခြင်း၊ ရိတ်သိမ်းချိန်လွှဲ အစိုဓာတ်ထိန်းသိမ်းခြင်းနှင့် မှိုတက်ခြင်းမှ ကာကွယ်ခြင်းတို့ကို ဂရုပြုခြင်းဖြင့် လေလွင့်ဆုံးရှုံးမှုကို လျှော့ချရပါမည်။ တောင်သူများအနေဖြင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း (MPBMSMA) နှင့် နိုင်ငံတော်မှပံ့ပိုးသော ဈေးကွက်သတင်းအချက်အလက်များကို ပုံမှန်လေ့လာကြည့်ရှုလျက် အရည်အသွေးမီသီးနှံများကို အခွဲတစိုက် စိုက်ပျိုးထုတ်လုပ်ပေးရမည်ဖြစ်ပါသည်။

၂။ နိုင်ငံတော်၏ မူဝါဒနှင့် အခြေခံအဆောက်အအုံ ပံ့ပိုးရေးကဏ္ဍ

နိုင်ငံတော်အနေဖြင့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် အထောက်အကူပြုမည့် မူဝါဒများနှင့် အခြေခံအဆောက်အအုံများကို စနစ်တကျ ပံ့ပိုးပေးရပါမည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနများမှတစ်ဆင့် ပြည်ပဈေးကွက်က လိုလားသောမျိုးသစ်များကို သုတေသနပြုထုတ်လုပ်ပြီး တောင်သူများထံ သက်သာသောဈေးနှုန်းဖြင့် အချိန်မီဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများနှင့် အရည်အသွေးမီ သွင်းအားစုများ အလွယ်တကူရရှိနိုင်ရေး၊ ကျေးလက်ကုန်ထုတ်လမ်းများ၊ လျှပ်စစ်မီးနှင့် စံချိန်မီသိုလှောင်ရုံများ တည်ဆောက် ပံ့ပိုးပေးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရပါမည်။

ဝယ်ယူသူနိုင်ငံများနှင့် ကုန်သွယ်မှု မူဝါဒတည်ငြိမ်မှုရှိစေရန် G2G သဘောတူညီချက်များ ခိုင်မာစွာချုပ်ဆိုခြင်းနှင့် ပြည်ပပို့ကုန်များ စံချိန်စံညွှန်းပြည့်မီကြောင်း သက်သေပြနိုင်မည့် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု အရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်းများကို တိုးမြှင့်ဖန်တီးပေးခြင်းဖြင့် တောင်သူများ၏ အရည်အသွေးမီသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို စဉ်ဆက်မပြတ် တိုးမြှင့်အောင် ပံ့ပိုးပေးရန်လိုအပ်ပါသည်။

၃။ ကုန်သည်နှင့် ပို့ကုန်လုပ်ငန်းရှင်များ၏ တန်ဖိုးမြှင့်ဈေးကွက်ရှာဖွေရေးကဏ္ဍ

ကုန်သည်များနှင့် ပို့ကုန်လုပ်ငန်းရှင်များသည် တောင်သူနှင့် ပြည်ပဈေးကွက်ကို ချိတ်ဆက်ပေးသူများဖြစ်သည့်အတွက် တောင်သူများနှင့် အကျိုးတူပူးပေါင်းစိုက်ပျိုးခြင်းစနစ်ကို ဦးစားပေး၍ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖော်ဆောင်ရမည်ဖြစ်ပါသည်။

အရည်အသွေးကောင်းမွန်သောပဲများကို ထိုကဲ့တန်သည့်ဈေးနှုန်းပေး၍ ဝယ်ယူခြင်းဖြင့် တောင်သူများ အရည်အသွေးမြှင့်လိုစိတ်ကို တွန်းအားပေးရပါမည်။ ပဲများကို ကုန်ကြမ်းအတိုင်း တင်ပို့ခြင်းထက် သန့်စင်ခြင်း၊ ကြိတ်ခွဲခြင်း၊ Grading ရွေးချယ်ခြင်းနှင့် ထုပ်ပိုးမှုစနစ်များ မြှင့်တင်ကာ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲတင်ပို့ခြင်းဖြင့် အိန္ဒိယဈေးကွက်တစ်ခုတည်းအပေါ် မှီခိုနေမှုကိုလျှော့ချ၍ တရုတ်၊ အာဆီယံနှင့် ဥရောပဈေးကွက်သစ်များသို့ တိုးချဲ့ထိုးဖောက်ခြင်း၊ ခေတ်မီသိုလှောင်မှုနည်းစနစ် Cold Storage များဖြင့် ပဲ၏အရည်အသွေးမပျက် ထိန်းသိမ်းခြင်းတို့ဖြင့် ကမ္ဘာ့ဈေးကွက်တွင် ခိုင်မာသော နေရာတစ်ခု ရယူသင့်ပါသည်။

မြန်မာ့ပဲမျိုးစုံ အရည်အသွေးမြှင့်တင်ခြင်းမှသည် ကမ္ဘာ့ဈေးကွက်သို့ တိုးချဲ့ထိုးဖောက်ခြင်း

ဆက်လက်တင်ပြမည့်အကြောင်းအရာမှာ "မြန်မာ့ပဲမျိုးစုံထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးမြင့်မားလာမှုမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်သစ်များသို့ တိုးချဲ့ထိုးဖောက်နိုင်မည့်အခွင့်အလမ်းများ" အကြောင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပဲမျိုးစုံကုန်သွယ်မှုစနစ်ကို လေ့လာကြည့်ပါက အဓိက အားနည်းချက်ကြီးတစ်ခုကို တွေ့ရမည်ဖြစ်ပြီး အဆိုပါ အားနည်းချက်မှာ **Market Concentration Risk** ဟုခေါ်သည့် **အိန္ဒိယနှင့် တရုတ် ဈေးကွက်ကြီးနှစ်ခုအပေါ်၌သာ ရာနှုန်းပြည့်နီးပါးမှီခိုနေရခြင်း**ဖြစ်ပါသည်။ သို့သော်လည်း တောင်သူများ၏ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးကို တစ်ပြိုင်နက်တည်း မြှင့်တင်နိုင်ပါက ကျွန်ုပ်တို့၏ ပို့ကုန်ကဏ္ဍအတွက် အကြီးမားဆုံး အလှည့်အပြောင်းတစ်ခု ဖြစ်လာမည်မှာ သေချာပါသည်။

အရည်အသွေး စံချိန်စံညွှန်းဆိုပြီး ဓာတုဓာတ်ကြွင်းကင်းစင်သော မြန်မာ့ပဲများသည် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အပြင် **အာဆီယံဒေသတွင်း ဈေးကွက်များ**ဖြစ်သည့် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့သို့ **AFTA အခွန်ကင်းလွတ်ခွင့်** ကို အသုံးပြုကာ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

ထို့ပြင် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းကို အဓိကတင်အမြောစားသုံးပြီး အရည်အသွေးကောင်းမွန်ပါက ဈေးနှုန်းမြှင့်ပေးချေလေ့ရှိသည့် **UAE၊ ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် တူကီယဲ အပါအဝင် အရှေ့အလယ်ပိုင်း High-end ဈေးကွက်များ**သို့ လည်းကောင်း၊ Vegan နှင့် ကျန်းမာရေးလိုက်စားသူများပြားသည့် **ဂျာမနီ၊ နယ်သာလန်နှင့် ဗြိတိန်အစရှိသော EU ဈေးကွက်များ**သို့လည်းကောင်း၊ ပဲပင်ပေါက်ဖောက်ခြင်းနှင့် မှန့်ပဲသရေစာများအတွက် အရည်အသွေးမြင့် မတ်ပဲနှင့် ပဲတီစိမ်းကို အလိုရှိနေသည့် **ဂျပန်နှင့် တောင်ကိုရီးယားကဲ့သို့ အရှေ့အာရှအဆင့်မြင့်ဈေးကွက်များ**သို့လည်းကောင်း တိုက်ရိုက်တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါသည်။

ဤကဲ့သို့ အရည်အသွေးမြင့်တက်လာခြင်းသည် ပမာဏတိုးတက်ရုံသာမက စီးပွားရေးအရလည်း ကြီးမားသည့်တွက်ခြေကို ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။ ပဲများကို မူလအတိုင်း အစုလိုက်အပြုံလိုက် တင်ပို့ရာမှ "Premium Grade" အဖြစ်ပြုပြင်၍ **ပံ့မနဲပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ပိုမိုမြင့်မားသည့် Premium Price** ကို ရရှိနိုင်မည့်အပြင် ပဲခွဲခြမ်း (Split Dhal)၊ ပဲမှန့် (Flour) နှင့် အသင့်စားပဲသရေစာများအဖြစ် ပြောင်းလဲထုတ်လုပ်သည့် **Value-Added Products** များ တင်ပို့နိုင်သဖြင့် ပို့ကုန်တန်ဖိုး ဆတိုးတိုးတက်လာမည်ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် ဒေါ်လာနှင့် ယူရိုကဲ့သို့ ခိုင်မာသည့် နိုင်ငံခြားငွေကြေးများ တိုက်ရိုက်စီးဝင်လာပြီး ပို့ကုန်ကဏ္ဍတစ်ခုလုံး၏ **Growth Rate** ကို သိသိသာသာ တိုးမြှင့်လာစေမည်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၏ သွင်းကုန်မူဝါဒပြောင်းလဲတိုင်း မြန်မာ့ပဲစျေးကွက်ရိုက်ခတ်မှုဒဏ်ခံရသည့်ဘဝမှ လွတ်မြောက်နိုင်ရန်အတွက်လည်း ဈေးကွက်သစ်များသို့ ခွဲဝေတင်ပို့ခြင်းက အဓိကသော့ချက်ဖြစ်ပါသည်။ ဈေးကွက် လေး၊ ငါးခုသို့ ဖြန့်ကြက်ထားနိုင်ပါက ဝယ်လိုအားပိတ်ပင်မှုသို့မဟုတ် အခွန်တိုးမြှင့်မှုဒဏ်များကို ကြံ့ကြံ့ခံနိုင်မည်ဖြစ်ကာ နိုင်ငံအလိုက် ပွဲတော်ရက်များနှင့် ရိတ်သိမ်းချိန်များမတူညီကြသည့်အတွက် တစ်နှစ်ပတ်လုံး ပုံမှန်ဈေးကွက်ဝယ်လိုအားရှိနေပြီး ရိတ်သိမ်းချိန် ဈေးနှုန်းကျဆင်းမှုကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ပြည်ပစုပါမ်းကက်ကြီးများ၊ အစားအသောက်ကုမ္ပဏီကြီးများနှင့်တစ်နှစ်မှသုံးနှစ်အထိ သေချာရေရာသည့် **ရေရှည်အရောင်းအဝယ် စာချုပ်များ**ကိုပါ စိတ်ချလက်ချ ချုပ်ဆိုနိုင်လာမည်ဖြစ်ပါသည်။

ကမ္ဘာ့ဈေးကွက်အတွင်း၌ ကနေဒါ၊ ဩစတြေးလျှနှင့် ယူကရိန်းတို့ကဲ့သို့ ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ရာတွင်လည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးစရိတ်နှင့် လုပ်အားခသက်သာမှုကြောင့် ရရှိမည့် **ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်း**၊ အာရှနှင့် အရှေ့အလယ်ပိုင်းသို့ ရေလမ်းခရီးနီးကပ်သဖြင့် သယ်ယူပို့ဆောင်စရိတ်သက်သာကာ အချိန်တိုအတွင်း ပို့ဆောင်နိုင်သည့် **Geographical Advantage** တို့က အသာစီးရစေမည်ဖြစ်ပါသည်။

ထို့အပြင် **"Myanmar Pulses"** ဟူသည့် သန့်ရှင်းလတ်ဆတ်မှုနှင့် စံချိန်စံညွှန်းမီမှုဟူသော Brand Reputation ပေါ်ထွက်လာပြီး ကမ္ဘာ့ကုန်စည်ဈေးများတွင် ဦးစားပေး တောင်းဆိုလာကြမည်ဖြစ်ရာ တောင်သူများ၏ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးမြှင့်မားလာခြင်းသည် ပို့ကုန်တင်ပို့သူများအတွက် ကမ္ဘာ့ဈေးကွက် စင်မြင့်ထက်သို့ တက်လှမ်းနိုင်မည့် အကောင်းဆုံး သော့ချက်တစ်ခုဖြစ်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ မြန်မာ့ပဲမျိုးစုံကဏ္ဍသည် ကုန်ကြမ်းရောင်းချသူဘဝမှ ကမ္ဘာ့ပဲစျေးကွက်ကို လွှမ်းမိုးနိုင်သော၊ စေတနာစိုက်ထုတ်မှုနှင့် အရည်အသွေးပြည့်ဝသော လုံခြုံစိတ်ချရသည့် ပို့ကုန်ကဏ္ဍအဖြစ်သို့ မလွဲမသွေ ကူးပြောင်းရောက်ရှိသွားတော့မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

နိဂုံးချုပ်

ခြုံငုံသုံးသပ်ရသော် မြန်မာ့ပဲမျိုးစုံကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၏ GAP စနစ်သုံး တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှု၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံနှင့် မူဝါဒဆိုင်ရာ ပံ့ပိုးမှု၊ ပို့ကုန်လုပ်ငန်းရှင်များ၏ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းနှင့် ဈေးကွက်သစ်ဖောက်ကားခြင်းတို့သည် ကွင်းဆက်တစ်ခုအဖြစ် အပြန်အလှန် အဓိသဟဲဖြိုးနေပါသည်။ သို့ဖြစ်ပါ၍ ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ ဆက်စပ်ချိတ်ဆက်ဆောင်ရွက်သွားပါက မြန်မာ့ပဲမျိုးစုံကဏ္ဍ၏ အနာဂတ်အလားအလာမှာ ပြည်တွင်းသို့သာမက နိုင်ငံတကာဈေးကွက်တွင်ပါ ရေရှည်ခိုင်မာစွာ ရပ်တည်သွားနိုင်မည်ဖြစ်ပါသည်။

ပိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးခဲ့သည့် စိုက်ခင်းများ ပြုစုထိန်းသိမ်းခြင်း ဆောင်ရွက်

တံတားဦး အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် တောင်ဘီလူအခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးခဲ့သည့် စိုက်ခင်းများကို ယနေ့ နံနက်ပိုင်းက မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက သစ်ပင်စိုက်ခင်းများ ပိုမိုရှင်သန်ရေးအတွက် ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်စိုက်ပျိုးထားသော တစ်ရွာနှစ်ဧက ထင်းစိုက်ခင်းများ၊ သစ်ပင်စိုက်ပျိုးများတွင် စိုက်ပျိုးခဲ့သည့် စိုက်ခင်းများ၊ လမ်းဘေးဝဲ၊ယာ စိုက်ခင်းများ၊ မိမိ တို့ ဦးစီးဌာနတွင် ပြုစုပျိုးထောင်ထားရှိသည့် သစ်ပင်များကို ကွဲ၊ နွား တိရစ္ဆာန်များကြောင့် ထိခိုက်မှု မဖြစ်စေရန် စနစ်တကျ စိုက်ပျိုးထားကြောင်းနှင့် ယခုအခါ မြို့နယ်သစ်တောဦးစီးဌာန စိုက်ပျိုးထားသော သစ်ပင်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက တောင်ဘီလူအခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးခဲ့သည့် စိုက်ခင်းများကို ပိုမိုရှင်သန်ရေးအတွက် ပေါင်းမြက်ရှင်းလင်းခြင်း၊ သစ်ပင်များအား ခါးဆွေးခြင်း၊ မြေဩဇာကျွေးခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ယျိုးပင်များ စိုက်ပျိုးသည့်နေရာတွင် မိုးရွာသွန်းလျှင် လုံလောက်သည့် မြေအစိုဓာတ် ရရှိရန် လိုအပ်ကြောင်း၊ သစ်ပင်များ စိုက်ပျိုးနိုင်ရန်အတွက် ကျင်းများတူးဖော်ရာတွင် အကျယ်သုံးပေပတ်လည်၊ အနက်နှစ်ပေကျင်းများ တူးဖော်ရကြောင်း၊ ထင်းစိုက်ခင်းသည် ကျေးလက်နေပြည်သူများ လိုအပ်ချက်ဖြစ်သော သစ်၊ တိုင်၊ မျော၊ ထင်း စသည့် သစ်တောထွက်ပစ္စည်းများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ မြို့ရွာ လမ်းဘေးဝဲ၊ယာ စိမ်းလန်းစိုပြည်ရေးနှင့် အခြားလိုအပ်သော ဓေရာများ၌ သီးခြားတည်ဆောက် စိုက်ပျိုးရသော သစ်တောစိုက်ခင်းများ ဖြစ်ထွန်းနေကြောင်း သိရသည်။ **ရဲတင့်(ပြန်/ဆက်)**

အမှားသိခေတ္တရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၁၆/၁-ခ)၊ ဧရိယာ(၀ ဒသမ ၁၈၀) အကျယ်အဝန်းရှိ ဦးပြည့်ဖြိုးခန့် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ ခဲစင်းပြဧရိယာ(၀ ဒသမ ၀၄၀)ကေ အကျယ်အဝန်းရှိနှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အဂျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်စမွန်ဦး(ဘ)ဦးအေးမင်း(၉/အမရ(နိုင်)၁၁၂၀၆)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-
ဒေါ်တင်နီလာဝင်း
တရားလွှတ်တော်ရှေ့နေ
ဦးကျော်လှိုင်ဝင်း ဒေါ်စီစီခိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မိမိကျော်
(တရားလွှတ်တော်ရှေ့နေများ)
အကွက်(ယ-၆/၂၂၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊
(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄

အမှားသိခေတ္တရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ မြောက်ကြယ်ခတ်ဝင်း၊ အကွက်အမှတ်(၅၆၀)၊ ဦးပိုင်အမှတ်(၈/ခ)၊ ဧရိယာ(၀ ဒသမ ၀၄၅၂)ကေ အကျယ်အဝန်းရှိ ဒေါ်ခင်ညွန့် အမည်ပေါက် ဘိုးဘဝိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ တစ်ထပ်မံကပ် အဆောက်အဦးတို့သည် (၁) ဦးမောင်မောင်(ဘ)ဦးခင်မောင်တင့် မှတ်ပုံတင်အမှတ်(၉/မရတ(နိုင်)၀၆၅၃၁၇)၊ (၂) ဦးညီညီဝင်း(ဘ)ဦးခင်မောင်တင့် မှတ်ပုံတင်အမှတ်(၉/မရတ(နိုင်)၀၆၃၉၈၆)၊ (၃) ဦးမင်းမြင့်(ဘ)ဦးခင်မောင်တင့် မှတ်ပုံတင်အမှတ်(၉/မရတ(နိုင်)၁၀၄၈၄၉)တို့ ညီအစ်ကိုအရင်း(၃)ဦးတို့က မြန်မာ့လေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်သော မြေနှင့်အဆောက်အဦးဖြစ်၍ ယနေ့အချိန်တွင် ဦးမောင်မောင်၊ ဦးညီညီဝင်း၊ ဦးမင်းမြင့်တို့ ညီအစ်ကိုအရင်း(၃)ဦး၏ လက်ဝယ်တွင် ရှိနေပါသည်။ မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ညွန့်သည် (၂၀၀၀)ပြည့်နှစ်တွင် ကွယ်လွန်ပြီး ဖြစ်ပါသည်။

အထက်ပါ ဒေါ်ခင်ညွန့် အမည်ပေါက် ဘိုးဘဝိုင်မြေကွက်နှင့်ပတ်သက်၍ မြန်မာ့လေ့ထုံးတမ်းဥပဒေအရ ဒေါ်ခင်ညွန့်၏အမွေအား ဆက်ခံသူများဖြစ်ကြသည့် (၁) ဦးမောင်မောင်၊ (၂) ဦးညီညီဝင်း၊ (၃) ဦးမင်းမြင့် ညီအစ်ကိုအရင်း(၃)ဦးတို့က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် အမည်ပေါက် ထွက်ရှိရန်အတွက် သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် တင်ပြလျှောက်ထား စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။

အထက်ပါ မြေ၊ အဆောက်အဦးတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက ဒေါ်ခင်ညွန့် အမည်ပေါက် ဘိုးဘဝိုင်မြေကွက်တွင် ဦးမောင်မောင်၊ ဦးညီညီဝင်း၊ ဦးမင်းမြင့်တို့၏ အမည်ပေါက် ထွက်ရှိရန်အတွက် ဥပဒေနှင့်အညီ သက်ဆိုင်ရာရုံးဌာနအသီးသီးသို့ တင်ပြ၍ ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ချက်အရ -
ဦးချစ်ညီညီ (LL.B,D.B.L) ဦးဇော်မင်းဦး (LL.B)
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၁၇၀)၊ ၂၉လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း 09-2024515၊ 09-970113720

အမှားသိခေတ္တရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅/N)၊ ဦးပိုင်(၈၉/၂)အတွင်းမှ အကျယ်အဝန်း(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြို့မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အဦး၊ ရေ၊ မီး အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဇော်ဝေအောင်(၉/ကပတ(နိုင်)၂၈၀၆၁၆)ကိုင်ဆောင်သူမှ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြု၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -

ဒေါ်ဝင့်ဝါဦး(အထက်တန်းရှေ့နေ)	**ဒေါ်သဲသဲဦးဝေ(အထက်တန်းရှေ့နေ)**
LL.B , D.B.S , Diploma in English (MUFL), DL (101); IP Law (Geneva, Switzerland)	**LL.B, D.B.S, DL (101); IP Law (Geneva, Switzerland)**

လမ်းစဝ၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ အမရဋ္ဌာနီအနောက်ရပ်ကွက်၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၆၈၂၂၂၁၃၃၃ ၊ ၀၉-၂၀၃၁၆၈၃ ၊ ၀၉-၇၇၂၀၃၁၆၈၃

အမှားသိခေတ္တရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၉-၁၁)၊ ဦးပိုင်အမှတ်(၈၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ကေ ကမ္ပည်တပ်ကြပ်ဧယျ အမည်ပေါက်ရှိ ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အဂျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတို့က ဝယ်ယူပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဦးနိုင်လင်း(အဘ)ဦးဘိုကြည်(၉/မခန(နိုင်)၂၃၀၇၈၃)၊ ဒေါ်စန္ဒာမြင့်(အဘ)ဦးဌေးစိန်(၉/မဓစ(နိုင်)၀၀၉၀၀၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးအေးခိုင် (တရားလွှတ်တော်ရှေ့နေ)
အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)
မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၃၁၁၀၇၆၀

အမှားသိခေတ္တရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄/ဂ)၊ ဦးပိုင်နံပါတ်(၇၇)ဟု ဒေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ကေ အကျယ်အဝန်းရှိ ဦးဝင်းမောင်နှင့် ဒေါ်သောင်းသောင်း(ခ)ဒေါ်မိုးတို့ ပူးတွဲအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပူးတွဲအမည်ပေါက်ပိုင်ဆိုင်သူများအနက် (ဧနီး) ဒေါ်သောင်းသောင်း(ခ)ဒေါ်မိုးကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ခင်ပွန်း) ဦးဝင်းမောင်(ဘ)ဦးချစ်ထွန်း(၉/မရမ(နိုင်)၀၃၀၄၇၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ
ဦးဖြိုးသာခန့် (LL.B) ဒေါ်မေစိုးဖြိုး (LL.B) ဦးမျိုးထက်လင်း (LL.B) ဒေါ်ရွှေညည်ဝင်း (LL.B)
အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ
အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၉၉၄၄၊ ၀၉-၇၉၇၂၄၉၆၆၂

အမှားသိခေတ္တရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ယန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၀)၊ ဦးပိုင်နံပါတ်(၁၃-ခ)ဟု ဒေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၀)ကေ အကျယ်အဝန်းရှိ ဦးကိုကိုပင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသည့် ဦးအေးကျော်(ဘ)ဦးဘရင်(၉/မရတ(နိုင်)၀၃၀၇၄၉)နှင့် ဒေါ်မြိုင်မြိုင်(ဘ)ဦးမောင်ကို(၉/မရတ(နိုင်)၀၃၀၇၄၇)[၄င်းတို့၏ကိုယ်စား ဦးကျော်ထင်ညွှန့်(၉/မရတ(နိုင်)၁၀၁၇၈၇)]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ
ဒေါ်ယုသစ်အောင် (LL.M) ဦးဖြိုးသာခန့် (LL.B) ဦးစည်သူအောင် (LL.B) ဒေါ်သဲမိုမိုထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ
အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၉၉၄၄၊ ၀၉-၄၀၂၅၉၁၀၂၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ်၊ ရှောလီပိုင်းရပ်ကွက်၊ အောင်ချမ်းသာ(၁၄)ရပ်၊ မြေကွက်အမှတ်နှင့် အမည်(၁၈/ရှောလီပိုင်းတောင်)၊ ဦးပိုင်အမှတ်(N-၂၄၄)၊ ဧရိယာ(၇၀×၂၁)ပေ၊ အိမ်အမှတ်(၆၀၉)၊ ထရံကာနေအိမ်အဆောက်အဦး(၂)လုံးနှင့် ယင်းမြေပေါ်ရှိ အဂျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်ပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ကတိပြုခံခဲ့ အဆိုပြုသူ ဒေါ်မြင့်မြင့်သန်း(၉/မကန(နိုင်)၀၀၉၇၃၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား(မူရင်းများ)ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရာဇာထွန်း (LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၀၄၁၆)
စာရင်းသွင်းသည့်ရက်(၁၅.၁၀.၂၀၁၂)
အမှတ်(၁၅၈)၊ အောင်ချမ်းသာရပ်၊ မိုးကုတ်မြို့။
ဖုန်း 09-666017779၊ 09-775555277

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၀)၊ ဦးပိုင်အမှတ်(၁၀၁)၊ မြေကွက်ပေါ်တွင် ဦးမိုးဆွေနိုင်ငံသားစီစစ်ရေးကတ်အမှတ်(၅/မတ(နိုင်)၀၄၄၂၈၄)က RC (၄)ထပ် အဆောက်အဆုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အဆုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အဆုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အဆုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ပြင်ဆင်ဖတ်ရှုပါရန်

(၁၂.၉.၂၀၂၆)ရက် မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၁၉) ကြော်ငြာစာ(အိမ်ဆောက်မိန့်) ဦးအောင်အေး(ခ)တန်းဟုတ်ကီ မြေအောက်ထပ်+ RC (၄)ထပ်အစား မြေအောက်ထပ် + S.S (၄)ထပ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

(၁၇.၁၀.၂၀၂၆)ရက် မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၂၀)ပါ အများသိကြေညာခြင်းတွင် ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(၁၁-၂၂)၊ ဦးပိုင်(၆၉)တွင် ဒေါ်မြင့်မြင့်နန်း(ဘ)ဦးထွန်းအိမ်၏ မှတ်ပုံတင်အမှတ်(၅/ပလပ(နိုင်)၀၆၁၆၆၀)အစား (၅/ပလဘ(နိုင်)၀၆၁၆၆၀)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကြော်ငြာစာ(အိမ်ဖျက်မိန်း)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၃)၊ ဦးပိုင်အမှတ်(၁၅)၊ မြေကွက်ပေါ်တွင် ဒေါ်ကျင်ဟိုမိတ်(ခ)မြမြထွေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ရရတ(နိုင်)၀၄၄၉၀၀)က နံကပ် ၂ထပ်+ အဖီ ၁ ထပ်အဆောက်အအုံ ဖျက်သိမ်းခွင့်(အိမ်ဖျက်မိန်း)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ(အိမ်ဆောက်မိန်း)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၄၄)၊ ဦးပိုင်အမှတ်(၅၉)၊ မြေကွက်ပေါ်တွင် ဒေါ်တုတ်တုတ်(ပါ-၉) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၄၈၉၀၃)က မြေအောက်ထပ်+ RC- ၄ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန်း)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ(အိမ်ဖျက်မိန်း)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၄၄)၊ ဦးပိုင်အမှတ်(၅၉)၊ မြေကွက်ပေါ်တွင် ဒေါ်တုတ်တုတ်(ပါ-၉) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၄၈၉၀၃)က နံကပ် ၂ထပ် အဆောက်အအုံ ဖျက်သိမ်းခွင့်(အိမ်ဖျက်မိန်း)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ(အိမ်ဆောက်မိန်း)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(၁၀-၁၄)၊ ဦးပိုင်အမှတ်(၃၀)၊ မြေကွက်ပေါ်တွင် ဒေါ်စန္ဒာဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/ကနန(နိုင်)၁၂၇၂၀၆)က RC-၃ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန်း)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ(အိမ်ဆောက်မိန်း)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂိဝါရပ်ကွက်၊ အကွက်အမှတ်(၇၁၃)၊ ဦးပိုင်အမှတ်(၃၅)၊ မြေကွက်ပေါ်တွင် ဦးအောင်မြင့်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၆၀၀၈၂)က RC- ၄ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန်း)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ(အိမ်ဆောက်မိန်း)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၃၆)၊ ဦးပိုင်အမှတ်(၄)၊ မြေကွက်ပေါ်တွင် ဦးကျော်မြင့်နိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/ရကန(နိုင်)၀၈၇၁၇၆)က SS- ၁ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန်း)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ(အိမ်ဆောက်မိန်း)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂိဝါရပ်ကွက်၊ အကွက်အမှတ်(၇၁၃)၊ ဦးပိုင်အမှတ်(၃၅)၊ မြေကွက်ပေါ်တွင် ဒေါ်တုတ်တုတ်(ပါ-၉) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၄၈၉၀၃)က နံကပ် ၂ထပ် အဆောက်အအုံ ဖျက်သိမ်းခွင့်(အိမ်ဖျက်မိန်း)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ(အိမ်ဆောက်မိန်း)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂိဝါရပ်ကွက်၊ အကွက်အမှတ်(၇၁၃)၊ ဦးပိုင်အမှတ်(၃၅)၊ မြေကွက်ပေါ်တွင် ဦးအောင်မြင့်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၆၀၀၈၂)က RC- ၄ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန်း)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ(အိမ်ဆောက်မိန်း)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၃၆)၊ ဦးပိုင်အမှတ်(၄)၊ မြေကွက်ပေါ်တွင် ဒေါ်ရင်ရင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/တကန(ဧည်)၀၀၁၅၀၈)က SS- ၁ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန်း)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ရကန(နိုင်)၀၁၀၈၂၇)က RC- ၆ ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန်း)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ(အိမ်ဆောက်မိန်း)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၃)၊ ဦးပိုင်အမှတ်(၁၉-ခ)၊ မြေကွက်ပေါ်တွင် ဦးထွန်းဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၈/ခမန(နိုင်)၀၀၂၉၈၄)က RC-၃ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန်း)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ(အိမ်ဆောက်မိန်း)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၆၇)၊ ဦးပိုင်အမှတ်(၃၄-က+၃၄-ခ)၊ မြေကွက်ပေါ်တွင် ဒေါ်သန္တာဝေ(ခ)သက်သက်ဆွေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၇၆၉၅၆)က SS-၃ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန်း)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ(အိမ်ဆောက်မိန်း)

